၁၂၉၂ ခု၊ တပို့တွဲလဆုတ် (၃)ရက်
စလင်းမြို့နယ်အတွင်း အောင်နိုင်ကုန်းဘုရားအနီး။
ငါးပါယ်ခေါ် ကုန်းကျောင်း ကိုယ်တော်မြတ်သည် ဝိပဿနာ
အလုပ်ကို အားထုတ်ဆဲ၊ အားထုတ်လတံ့ သူတို့နှင့်တကွ
လာရောက်သူ ဟူဟူသမျှတို့အား ဘေးရန်လည်း
ကင်းကွာ၊ သမာဓိဘာဝနာနှင့်တကွ ဘယဉာဏ်ဝိပဿနာ
တို့လည်း တတ်လွယ်ကြစေခြင်းငှာ။ ပါဠိတော်
အဋ္ဌကထာတို့မှ လာသည့်အတိုင်း၊ အကျဉ်းဆုံးနည်းဖြင့်
မိမိတို့ မြန်မာဘာသာနှင့် ကျင့်ကြတတ်အောင်
ဟောပြတော်မူအပ်သော

# စက္ခုအလင်း–သံခိပ်ကျဉ်း

## တတိယအကြိမ်

အုပ်ရေ - ၃၅၀၀

ဓမ္မဒါန အလှူရှင်



စလင်းမြို့၊ ကန်လယ်ကျောင်း ဆရာတော်

၁၂၉၂ ခုနှစ်၊ စာသီလ—သင်္ချိုင်းနေစဉ်က ဟောစဉ်တရား



စလင်းမြို့၊ ကန်လယ်ကျောင်းဆရာတော်

၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ



# စကြာ အလင်း–သံခိပ်ကျဉ်း ။

ဥပုသ်သည် လူများ၌ အမှားဆုံးသော အချက်။ ဥပုသ်စောင့်
လျက်ကနှင့်။ ပျင်းပျင်းရှိ ဆေးလိပ်သောက်ခြင်း။
အားအားရှိ စကားပြောခြင်း။
ညောင်းညောင်းရှိ အိပ်ခြင်း။
၎င်းသုံးမျိုးသော အလုပ်ကသာ၊ စောင့်ရှောက်ကြသည်။
ဥပုသ်ကား စောင့်ရာမရောက်။ လိုရင်း မဆိုက်။
သို့အတွက်
ဆေးလိပ်-စကား-ပျင်း အိပ်မှား။ တရားမရသည်။
တရားမရောက်။ ဥပုသ်စောင့်။ အဖြောင့်မကျသည်။
အဖြောင့်အမြဲ မရှိဘဲ။ ငရဲမလွတ်သည်။
ငရဲမီးပူ။ ကျိုက်ကျိုက်ဆူ။ ငါ–သူ ကျရောက်မည်။
တရား ဖိပြီး အားထုတ်ပါ ဆိုလို၏။ (အမှာ)

ဆရာတော်သည် ၁၂၉၂၊ တပို့တွဲလဆုတ် (၃)ရက်
စလင်းသို့ ရောက်သည်။

—

ဘာသာရေးဆိုင်ရာ စာမူကြိုတင်ခွင့်ပြုချက်(၅)
ပုံနှိပ်ခြင်း တတိယအကြိမ်
၁၉၇၁-ဇန်နဝါရီလ
အုပ်ရေ-၃၅၀၀
အရုံးရိုက်-စိုးမိုးမိတ်ဆက်

—

# ဓမ္မဒါန

—

ဦးလှမောင် အမှတ်-၁၆၊ နယူးလင်းလမ်း၊ ရန်ကုန်မှ
ကင်းလွတ်ခွင့်အမှတ်(၅)အရ ထုတ်ဝေ၍—

ဦးစံလှ(၀၂၂၀၉)၊ စိုးမိုးမိတ်ဆက် ပုံနှိပ်တိုက်၊
အမှတ် ၁၄၆၊ ၃၃-လမ်း၊ ရန်ကုန်က ပုံနှိပ်သည်။

### စကြာအလင်း - သံနိပ်ကျဉ်း

# နိဒါန်း

## မျက်စိ နှင့် အလင်း

တရားဦး။ ။မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် မာရ်ငါးပါးကို ပယ်ရှား၍ ဘုရားအဖြစ်သို့ရောက်ပြီးနောက် ရှေးဦးစွာ ဓမ္မစက္ကပဝတ္တနသုတ် ဓမ္မစကြာ တရားတော်ကြီးကို ဟောကြားတော်မူသည်။

သစ္စာ ၄-ပါး။ ။ယင်း ဓမ္မစက္က သုတ်တော်တွင်—

၁။ ဒုက္ခသစ္စာ=ဆင်းရဲခြင်း အမှန်တရား

၂။ သမုဒယသစ္စာ = ဆင်းရဲ ဖြစ်စေသည့် အမှန်တရား

၃။ နိရောဓသစ္စာ=ဆင်းရဲချုပ်ခြင်း အမှန်တရား

၄။ မဂ္ဂသစ္စာ=ဆင်းရဲချုပ်ခြင်း အကြောင်း အမှန်တရားဟူ၍ သစ္စာ ၄-ပါးကို ဘုတ်ဖော် ဟောကြားတော်မူသည်၊

၃-ပါး ၄-တန်၊ ၁၂-ဉာဏ်။ ။ယင်း သစ္စာတရား တပါးပါး၌လည်း-

၁။ သစ္စာတရားကို သိခြင်း=သစ္စဉာဏ်၊

၂။ သစ္စာတရာ ၌ ပြုလုပ်ရမည့် အလုပ်ကို သိခြင်း ကိစ္စဉာဏ်၊

၃။ သစ္စာတရား၌ ပြုလုပ်ရမည့် အလုပ်ကို လုပ်ပြီးပြီဟု သိခြင်း=ကတဉာဏ်၊

ဟူ၍ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ၃-မျိုးစီ ဖြစ်ပေါ်တော်မူသည်။ အားလုံး(၄×၃=၁၂)ဉာဏ် ၁၂-ပါးဖြစ်သည်။ ယင်း ဉာဏ်တော် ၁၂-ပါး၌ တပါးတပါး ဖြစ်တိုင်းဖြစ်တိုင်း-

စက္ခုံ ဥဒပါဒိ=အမြင်ဉာဏ် မျက်စိဖြစ်ပေါ်ပြီ (မြင်ပြီ)

ဉာဏံ ဥဒပါဒိ=အသိဉာဏ်မျက်စိ ဖြစ်ပေါ်ပြီ (သိပြီ)

ပညာ ဥဒပါဒိ=အပြားအားဖြင့် သိခြင်း ဖြစ်ပေါ်ပြီ (ကွဲကွဲပြားပြား သိပြီ)

ဝိဇ္ဇာ ဥဒပါဒိ=ထိုးထွင်း သိခြင်း ဖြစ်ပေါ်ပြီ (နက်နက်နဲနဲ ထိုးထွင်းသိပြီ)

အာလောကော ဥဒပါဒိ=အလင်းရောင် ဖြစ်ပေါ်ပြီ (မသိအောင် ဖုံးကွယ်သည့် အဝိဇ္ဇာခေတ် အမိုက်မှောင် ချုပ်ပျောက်၍ အလင်းရောင် ရပြီ)

ဟူ၍ ဥဒါန်း ကျူးရင့်တော်မူသည်။

ဤသို့ ကျူးရင့်တော်မူရာ၌ စက္ခုဥဒပါဒိမှာ ရိုးရိုး ပကတိ မျက်စိဖြစ်သည်ကို မဆိုလိုချေ၊ အသိဉာဏ်မျက်စိဖြစ်ပေါ်သည်ကိုသာ ဆိုလိုရင်းဖြစ်သည်။

အာလောကော ဥဒပါဒိမှာလည်း ရိုးရိုးပကတိ အလင်းရောင်ကို ဆိုလိုသည် မဟုတ်ချေ၊ အသိဉာဏ် အလင်းရောင်ကိုသာ ဆိုလိုပေသည်။

သတ္တဝါတို့မှာ မျက်စိသည်ရင်း၊ အလင်းရောင် သည်ရင်း အကျိုးကျေးဇူး ကြီးမား များပြားလှသောကြောင့် မျက်စိ (စက္ခု) ဟူသောအမည်၊ (အာလောက) အလင်းဟူသော အမည်ကို သတ္တဝါတို့အား အကျိုးကျေးဇူးတရား ကြီးမား များပြားလှသည့် အသိဉာဏ်၌ တင်စား၍ အသိဉာဏ်ကို စက္ခုဟုရင်း၊ အလင်းဟုရင်း မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

## စက္ခုအလင်း သံခိပ်ကျဉ်း

မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူသည့် ဓမ္မစကြာတရားတော်လာ စက္ခု (မျက်စိ) နှင့် (အာလောက) အလင်းတို့၏ ဆိုရင်းအဓိပ္ပာယ်ကို သဘောပေါက်လျှင် ယခု စာရှုသူတို့ လက်ဝယ်သို့ ရောက်ရှိနေသည့် "စက္ခုအလင်း သံခိပ်ကျဉ်း" ကျမ်း၌ ပါရှိသည့် စက္ခုအလင်းဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်ကို စာရှုသူတို့ သဘောပေါက် သိရှိနားလည်နိုင်ပြီဟု ယုံကြည်ပါသည်။

သံခိပ်ကျဉ်း–ဟူသော စကားလုံးမှာ သံခိပ်နှင့် အကျဉ်းတို့ကို ပေါင်းထားသည့် စကားလုံး ဖြစ်သည်။

ထိုတွင်–သံခိပ်မှာ သံခေပ ဟူသော ပါဠိမှ ဆင်းသက်လာသော မြန်မာစကားလုံး ဖြစ်သည်။ အကျဉ်းချုပ်ဟူ၍ အနက်အဓိပ္ပာယ် ရရှိသည်။

အကျဉ်းမှာမူ မြန်မာစကားစစ်စစ်ပင် ဖြစ်သည်။ အကျဉ်းဖြစ်ကြောင်း ပို၍သိသာရန် "သံခိပ်ကျဉ်း" ဟု ပါဠိသက်ဝေါဟာရနှင့် မြန်မာဝေါဟာရ ၂-ချက် ဆင့်တွဲထားခြင်း ဖြစ်ပေသည်။

စက္ခုအလင်း–သံခိပ်ကျဉ်းဟူ၍ ဝေါဟာရ တခုတည်း ဖြစ်လာသောအခါ အသိဉာဏ်ဖြစ်ပေါ်စေသော အကျဉ်းကျမ်း–ဟူ၍ အနက်အဓိပ္ပာယ် ဆောင်ပြနေပေသည်။ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်ရေးအတွက် အသိဉာဏ် ဖြစ်စေရန် အကျဉ်းချုပ် ပြဆိုသောကျမ်းဟု ဆိုလိုပေသည်။

## ကျမ်းပြုထားပုံ

မှန်လှပေသည်။ ဤစက္ခုအလင်း–သံခိပ်ကျဉ်း ကျမ်းငယ်၌ နာမည်နှင့် လိုက်အောင်ပင် အသိဉာဏ် ဖြစ်စေနိုင်မည့် အကြောင်းအချက်များကို တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်းချုပ်၍ ဖော်ပြ ရေးသားပေသည်။

ပေါ့ပေါ့ဆဆမနေရ။ ။ဤကျမ်း၌ ရှေးဦးစွာ စာဖတ်သူတို့အား ပေါ့ပေါ့ဆဆ မနေရန် နှိုးဆော်သတိ အကိုးအကားဖြင့် အာပါယ်ဘေးကို ပြဆို၍ သတိပေးစကား ရေးသားသည်။

**ယခုဘဝ နိဗ္ဗာန်ရ။** ။ထို့နောက်မှ အားမငယ်ကြရန် ယခုဘဝမှာပင် နိဗ္ဗာန်ရနိုင်ကြောင်း ကျမ်းဂန်အကိုးဖြင့် ရေးသားထားသည်။

**အားပေးစကားများ။** ။စာမတတ်၍ နိဗ္ဗာန်ရရေးအတွက် အနှောင့်အယှက် မဖြစ်ကြရန်ကိုရင်း—

တိဟိတ် ဒွိဟိတ် သံသယဖြစ်နေသောကြောင့် တရားအားထုတ်ရေး မနှောင့်နှေးကြရန်ကိုရင်း—

ဝိမုတ္တိခေတ် ဟုတ် မဟုတ် တွက်ဆပြီး ရဟန္တာဖြစ်နိုင် မဖြစ်နိုင် ကြံတွေး၍ တရားအားမထုတ်ဘဲ မနေကြရန်ကိုရင်း—

ဝတ္ထုသက်သေ အထောက်အထား ကျမ်းဂန်စာပေ အကိုးအကား ပြဆို၍ အသိဉာဏ် ဖြစ်ပေါ်စေရန် ရေးသား ဖော်ပြထားပေသည်။

ထို့ပြင်လည်း တိုတိုဖြင့် လိုရင်းသဘောတရားကို မှတ်သားလွယ်ကူနိုင်စေရန် ဆောင်ပုဒ်အကျဉ်းများကိုလည်း ရေးသားပြဆိုထားပေသည်။

ဖော်ပြပါ အကြောင်းအချက်များကို ဖတ်ရှု သိမြင်ရခြင်းကြောင့် ဤ စက္ခုအလင်း သံခိပ်ကျဉ်းကျမ်း အမည်နှင့် လိုက်လျော ညီညွတ်စွာ အသိဉာဏ်အလင်းကို အကျဉ်းချုပ် ပြနိုင်သော ကျမ်းဖြစ်ကြောင်းကို ကောင်းစွာ သိရှိနိုင်ပေပြီ။

ဤကျမ်းသည်ကား ယခုခေတ် ထင်ရှားရှိနေသည့် မည်သည့် သာသနာ့ရိပ်သာ၊ မည်သည့် ကမ္မဋ္ဌာန်း ဌာနမှ မပေါ်ပေါက်မီ လွန်ခဲ့သော နှစ်ပေါင်း ၅၀-ကျော် အခါက (၁၂၉၀-ပြည့်နှစ် မတိုင်မီက) လူအပေါင်းအား တရား ပွား

များ အားထုတ်ကြရန် လှုံ့ဆော်ကြေးကြော် တိုက်တွန်းသည့် ကျမ်းငယ်တဆူ ဖြစ်ပေသည်။

မင်္ဂလာတရား မပေါ်မီ ၁၂-နှစ်က ကြိုတင်၍ မင်္ဂလာ သတင်းများ ထွက်ပေါ်သကဲ့သို့ သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာ တရားများကို ပွားများ အားထုတ်သူ ပေါများ၍ သမထ ဝိပဿနာတရားတော်များ ပွားများ ခေတ်စားလာရန် အတွက် ပေါ်ထွက်လာသည့် ကျမ်းတဆူဟုလည်း ဆိုနိုင်ပေ သည်။

ကျမ်းပြုပုဂ္ဂိုလ် ပေါ်လာပုံ

ဤကျမ်းငယ်ကို ရှေး နှစ်ပေါင်း ၅၀ ကျော်က ဇေတဝန် အညတြဘိက္ခု အမည်ခံ ၄-ဝါရ ရဟန်းငယ်တပါးက ရေး ထားခြင်း ဖြစ်သည်။

ဇေတဝန်--ဟူသည်မှာ အပေါင်းအဖော် မထား၊ တပါး တည်း နေထိုင် ကျင့်ကြံသူဟု အဓိပ္ပာယ်ရှိသည်။

အညတြဘိက္ခု-ဟူသည်မှာ ပေါ်လွင် ကျော်ကြားမှု မရှိ၊ မထင်မရှားသည့် ရဟန်းဟု အဓိပ္ပာယ်ရသည်။

ယင်းသို့ အမည်ဘွဲ့ဖြင့် ရေးခြင်းမှာ ဇေတဝန် အညတြ ဘိက္ခု အမည်ခံ တပါးတည်း သီတင်းသုံးသည့် မထင်ရှားသော ရဟန်းသည် လူအပေါင်းကို အသိဉာဏ်ပေးလိုရာ၌ ပေါ်လွင် ထင်ရှား ကျော်ကြားမှုကို မလိုလားဘဲ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ပေးလို ရေးလိုသောကြောင့် မိမိအမည် နေရပ်ကို မြှုပ်ကွယ် ဖုံးအုပ်၍ အညတြဘိက္ခု အမည်ခံ၍ ရေးခြင်းဖြစ်သည်ဟု ယူဆရပေသည်။

သို့ပင် အမည်ဝှက်၍ ရေးသားခဲ့သော်လည်း ''ပုပ်လျှင် ပေါ်သည်၊ ဟုတ်လျှင်ကျော်သည်'' ဟူသော ရှေးစကားအရ စူးစမ်း လေ့လာသောအခါ ဤစာမူကို တရိုတသေ မပျောက် မပျက်ရအောင် စောင့်ရှောက် သိမ်းဆည်းထားပြီး ယခုအခါ ကျမှ ထုတ်ဖော်ပေးတော်မူသည့် စလင်းမြို့ ကန်လယ် ဆရာ တော် ဘုရားကြီး ငယ်စဉ်က ရေးခြင်းဖြစ်ကြောင်း သိရှိရပေ သည်။

## အားတက်ဘွယ်ရာ အကြောင်း

ယခုအခါ၌ကား သာသနာထွန်းကားရန် အချိန်ကျ၍ စာရှု သူ သူတော်စင်တို့ ကုသိုလ်ကံ ထလာပြီ ဖြစ်သောကြောင့် နှစ် ပေါင်း ၅၀-ကျော် ကြာမြင့်၍ ပျောက်ကွယ်လုနီးနီး ဖြစ်သည့် စက္ခုအလင်း သံခိပ်ကျဉ်း ကျမ်းငယ်သည် အသစ်တဖန် ပြန် လည် ပေါ်ထွက်လာရုံမျှမက ယခင်က လျှို့ဝှက် ဖုံးကွယ်နေ သည့် ကျမ်းပြုသူ အမည်ပါ ထင်ရှား ပေါ်ပေါက်လာပြီ ဖြစ် ပေရာ ဖတ်ရှု လေ့လာသူတို့အား အသိဉာဏ် အလင်းဓာတ်ကို နှင်းအပ် ပေးဝေလိမ့်မည် ဖြစ်ကြောင်း သတင်းကောင်း ကြို တင် ပြောကြားအပ်ပါသတည်း။

# ယခုဘဝတွင် နိဗ္ဗာန် ရနိုင်၏။

အိုလူများအပေါင်းတို့ — အသင်တို့သည်၊ ယခုလို-အေးတီး အေးစက်။ ပေါ့ပျက်ပျက်နှင့်သာ။ မယားကျွန်။ လင်ကျွန်။ ကာမဂုဏ် ကျွန်တွေကြောင့် အသေထားကြလျှင် လူတရာမှာ ကိုးဆယ့် ကိုးယောက်ခန့်၊ အလျှံတပြောင်ပြောင်။ တောက်လောင်သော သံပူငရဲအိုးကြီးတို့၌။ ရှဲကနဲ့၊ ရှဲကနဲ့၊ တွန့်ကနဲ့၊ လိမ်ကနဲ့၊ လူးကနဲ့၊ လိမ့်ကနဲ့၊ ဂျွမ်းထိုး၊ ဂျွမ်းပြန် ကျက်ရအောင်သာ ပြင်ကြပေတော့။ ။သင်တို့၏ ကျင့်ပုံ။ ကြံပုံ။ နေပုံ။ ထိုင်ပုံ။ စားပုံ။ သောက်ပုံ။ ကြည့်ကြလေ။

အိုလူများတို့ — ဤစကား တယ်ဆိုပါကလားဟု မယုံမှားသင့်။ ။ဘုရားဟော၊ မဟာဝဂ္ဂသံယုတ်၊ မနုဿစုတိနိရယသုတ်။

ဧဝမေဝ ခေါ ဘိက္ခဝေ၊ အပ္ပမတ္တကာ၊ တေ သတ္တာ၊ ယေ မနုဿေသု ပစ္စာဇာယန္တိ။ အထခေါ ဧတေဝ ဗဟုတရာ သတ္တာ ယေ အညတြ မနုဿေဟိ ပစ္စာဇာယန္တိ။ ။ဟူသည် ၎င်း၊

မဟာပထဝိံ ဥပနိဓာယ၊ ဘဂဝတာ ပရိတ္တောနခသိခါ ယံ ပံသုအာရောပိတောတိ။ ။ဟူ၍၎င်း။ (အနက်မသမ္မာန်) ဤလိုဟောထားပါကလား။[2] (မဟာဝဂ္ဂသံယုတ်၊ အညတြသုတ်။)

[1] မဟာဝဂ္ဂသံယုတ် နှာ ၄၁၂။

[2] မဟာဝဂ္ဂသံယုတ် (တ-တွဲ)၊ နှာ-၄၀၄။ (အနက် နောက်ဆက်တွဲကြည့်)

အို လူများတို့—လက်သဲပေါ် တင်ထားတဲ့ သဲမှုန့်ကလေး နှင့် မဟာပထဝီ နှစ်သိန်းလေးသောင်း မြေထုကြီးမှာ ကွာချင်တိုင်း ကွာသလို။ လက်သဲပေါ်တွင် သဲမှုန့်ခန့်မျှသော လူကလေးသာ ငရဲမှ လွတ်မည်ဖြစ်ကြောင်း [၁]။ **ကာဏကစ္ဆပသုတ်** [၂] လည်း ထင်ရှား၏။

တရာမှာ ကိုးဆယ့်ကိုးယောက်ခန့်မျှ ငရဲကျမည်ဖြစ်သော် လည်း။ ပေါ့တီးပေါ့ပျက်။ အေးစက်စက်, ယောင်တောင်တောင်။ ငေးတေးတေးနှင့်။ တရားလက်လွတ် လူစားမျိုးတွေ သာ လက်သဲပေါ်တွင်ရှိတဲ့ သဲမှုန့်ခန့်လောက်မျှထဲ မပါဘဲ။ နှစ်သိန်းလေးသောင်းရှိ မြေကြီးမှုန့်နှင့် အမျှခန့် ငရဲအိုး၌ ကျက်ရရှာတော့မည် ဖြစ်ကြောင်း။

အိုလူများတို့—ဤကဲ့သို့သောအတွက်ကြောင့် လေးလေး နက်နက်ကြီး သတိပေးလို၏။ ပုဂ္ဂလဓိဋ္ဌာန် မဖက်။ ဓမ္မာဓိဋ္ဌာန် သက်သက် သတိပေးလိုသည်မှာ။ မကြောက်ကြနှင့်၊ မကြောက် ကြနှင့်။

အိုလူများတို့—ဗလဝပညော မန္ဒ သဒ္ဓေါ ကေရာတိကပက္ခံ ဘဇတိ၊ [၃] ဟု။ **ဝိသုဒ္ဓိမဂ်** အဋ္ဌကထာ စကားအရ သတိပေးခြင်း မှာ။ ကေရာတိကပက္ခ။ အာရောပိတ။ လုံ လုံးမရှိပါ။ ကြည် ဖြူသော စေတနာဖြင့်။ သတိပေးရပါသည်။

အို လူများတို့—ယခုအခါ နိဗ္ဗာန် တရားတော်ကြီးဟာ ယခုဘဝ၌ပင် ရနိုင်ကြောင်း။ ပရိယတ္တိ—ဝဖြိုးသော ဘုန်းကြီး တိုင်းကပင် ဝန်ခံကြပါလိမ့်မည်။

---

၁။ သံ ၃။ ၄၀၄။ ၂။ မ ၃-၂၀၇။ ၃။ ဝိသုဒ္ဓိ ၁။ ၁၂၆။

၃၈၈၆

အို လူများတို့—သင်တို့သည် ဘုရားနှင့် ကိုယ်တိုင် မတွေ့လိုက်ကြ၍ ဘာ ဝမ်းနဲစရာ ရှိသလဲ။ ယခုအခါ ဓမ္မခန္ဓာ ဘုရားတွေ အများကြီးရှိသေး၏။ ကံရှိလျှင်၊ ပါရမီရှိလျှင်၊ ရလိမ့်မည်ဟုသာ အေးစက်စက်နှင့် နေကြလျှင် အများကြီး နစ်နာကြရပါလိမ့်မည်။ စာမတတ်လို့၊ ဘာမတတ်လို့လည်း မလုပ်ကြပါနှင့်။ ဝါမတတ်ဘဲနှင့်လည်း၊ ဆရာကောင်းတွေ့လျှင် ရနိုင်ပါသည်။ သို့အတွက်—

အို လူများတို့—ယခုအခါမှာ။ ကံ ပါရမီ မေးရန်မလိုပါ။ ရှင်ဘုရင်သားဖြစ်ပြီးသူအိမ်ရှေ့မင်းသားသည် ရှင်ဘုရင်ဖြစ်ရန် ဗေဒင်မေးဘို့မလို။ မုတ်ဆိတ် ပျားစွဲသူသည် တခြားသွားပြီး ပျားဖွပ်ရန်မလို။ ရန်သူဝိုင်းထား ခံရသူသည် ထွက်ပေါက် သိလျက်ကနဲ့ မထွက်သော် ကံပါရမီ ချဘွယ်မလို။

အညစ်အကြေးလူးသူသည် ရေစည်ရှိလျက် မဆေးသော် ရေ၌ အပြစ်ဆိုဘွယ်ရာမလို။ မိမိသာ—ဖျင်း့လို့၊ အ့လို့၊ နှ့လို့ ဖြစ်သည်။ အသေ နဲသေးတယ်လို့သာ ဆိုဘို့ကောင်းတော့၏။ ကြောက်ကြ, လန့်ကြ, ထိတ်ကြ။

အိုလူများတို့—သို့အတွက်။တရားအားထုတ်ကြပါကုန်လော့။

ယခုဘဝနှင့် နိဗ္ဗာန်သွားနိုင်ကြောင်း ဤ စာရေးသူသည် ရဲရဲကြီး ပါဠိ အဋ္ဌကထာ၊ ဋီကာ ပြနိုင်၏။စာမသိလို့၊ ဘာမသိလို့သာဟု ကိုယ့်ကိုယ်ကို အဖျင်းထား၍ စိတ်မငယ်ကြပါနှင့်။ က-ကြီး၊ ခ-ခွေးမှ မတတ်ဘဲ။ ဆရာကောင်းတွေ့လျှင် နိဗ္ဗာန်ရကြောင်း။ ဘုရားရှိစဉ်က အများကြီး ဖြစ်၏။ ဓမ္မပဒမှာ ကြည့်ပါ—

''အပ္ပမ္ပိစေ သံဟိတဘာသ မာနော ဓမ္မသာဟောတိအနု ဓမ္မစာရီ'''ဟု စာမတတ်ဘဲနှင့် ဖြစ်နိုင်ကြောင်း။ သက်သေ လုံလောက်ပြီ မဟုတ်ပါလား။

စာတတ်သော်လည်း လုပ်နည်းမှာ ဟုတ်ချင်မှ ဟုတ်သည်။ ကြည့်ပါလား။ ယခုကာလလို၊ ချာတီး—ချာတာ မဟုတ်။ ပိဋကတ်ကို ဒိုးလိုမွေ့နိုင်သောသံဃာ ငါးရာ၏စာချဆရာတော် ပေါဋ္ဌိလမထေရ်ကြီးမှာပင် သာမဏေငယ်ထံမှ နည်းရ၍ နိဗ္ဗာန် ယူကြောင်း၊ ဓမ္မပဒ ကထာမှာ ရှိပြီမဟုတ်ပါလော။ [2]

ယခုခေတ်အခါ များသောအားဖြင့် လူတို့သည် ယခုလို သဘောမျိုး၊ အနေမျိုးနှင့်၊ ငါတို့ ဗုဒ္ဓဘာသာကဘဲဟု ထုံးစံ လိုလိုသာဖြစ်၍ ရတနာသုံးပါးကို ကြည်ညိုကြ၏။ ဘယ်လို အဘိုးထိုက်၊ အဘိုးတန်ပါလားဟု၊ သည့်ထက် ပေါက်ရောက် အောင် မသိ၊ မစဉ်းစား။ စဉ်းစားတတ်အောင် ဉာဏ်အမြင် ကလဲ တိုကြလှ၏၊ နည်းကြလှ၏။ ထုံးစံသာ ဆို၍နေသည်။ (သတိချပ်ပါ)။

ဘုရားဆိုလျှင်၊ အုတ်ရိုးဘုရား၊ စေတီရုပ်ပွားမှာသာ ဆုံး၍ နေ၏။ နေတတ်၏။

တရားဆိုလျှင်၊ ယပ်လှဲ့တရား၊ ယပ်ထောင်တရား၊ ပိဋကတ် စာပေတွင်သာ ဆုံး၍နေ၏။ နေတတ်၏။

သံဃာတော်ဆိုပြန်လျှင်၊ ယခုရှိတဲ့ ဘုန်းကြီးတွေ၊ ရဟန်း တွေမှာသာ ဆုံး၍နေ၏။ နေတတ်၏။

---

၁။ ဓမ္မပဒ ၃၁၊ ၁၆။ ၂။ ဓမ္မဋ္ဌ ၂၊ ၂၆၂၊

အို လူများတို့—ထိထိရောက်ရောက်၊ ပေါက်ပေါက် ရှရှ၊ လေးလေးပင်ပင် စဉ်းစားကြပါလေ။ ပညတ်မှ အသက်ကို ကျော်ဖောက်၍ ပရမတ်သိ။ ရတနာသုံးပါးစစ်ကို မရောက်နိုင်ကြကုန်၊ မသိနိုင်ကြကုန်။ ရဘနာစစ်ဟု မဆိုထားဘိ၊ ပုဂ္ဂိုလ်သော်မှလည်း ကြည်ညိုတတ်ခဲလေစွ။ ။ယခုကာလမှာ၊ သူ့မအေ၊ ကိုယ့်မအေ၊ သူ့ရွာ၊ ကိုယ့်ရွာ ဆိုဒါလို ကြည့်ပါလေ။

သဒ္ဓါလိုလို၊ တဏှာပို။ ခင်မင်သည်မှ အကြည်ညို။

ရွှေရှိတဲ့ဘုရား၊ လူရှိသေ။

မိရိုးဘခင်၊ လုပ်အစဉ်။ မောဟဝင်က မဟုတ်များ။ တကယ်သိကား အဟုတ်ရှား ဖြစ်၍နေ၏။

ဘုရားပွဲ အရပ်ရပ်တို့မှာလည်း ဘုရားဖူးရန် ပွဲမဟုတ်။ အရောင်းအဝယ်ပွဲ၊ အကြည့်အရှုပွဲသာ ဆိုဘို့ကောင်းတော့၏။ ဤအဖြစ်မျိုးကား–လူတိုင်း သိပြီးဖြစ်နေသည်။ "အဂ္ဂေခေါ ပသန္နာနံ အဂ္ဂေါ်ဝိပါကော ဟောတိ" [၁] ပါဠိတော်လာ အဂ္ဂ–ဖြစ်အောင် စိတ်ထားနိုင်ခဲ၏။ လောဘခြံရံ၊ ဒေါသခြံရံ၊ မောဟခြံရံသော ပွဲသဘင် အလှူဒါန်းမျိုးသာ များ၏။

ဘုန်းကြီးပျံပွဲ ဟူသည်တို့မှာလည်း၊ ပျံပွဲမဟုတ်၊ ဖြုန်းပွဲ၊ ပျော်ပွဲ၊ ပြိုင်ပွဲ၊ သတ်ပွဲ၊ ရိုက်ပွဲ ဖြစ်နေပြီ။

သာရေး၊ နာရေးပွဲတို့မှာလည်း၊ မနေသာပွဲ၊ မျက်နှာကြီးရွေးချယ်၍ ပါပွဲ၊ ဂုဏ်လိုပွဲ၊ ပကာသနပွဲမျိုးတွေသာ များ၍၊ သူ့အရပ် ကိုယ့်အရပ်မဆို ဖြစ်နေပြီ။ ဟုတ်လွန်းအားကြီးလို့ ခက်မနေကြနှင့်။

---

၁။ ဇာတိဝဏ္ဏက ၃၁-၂၅၄။ အံ ၁၊ ၃၄၃။ (နောက်ဆက်တွဲကြည့်)

အဲ—သည်တော့ “စိတ္တိကာရေ ကတေ သဗ္ဗတ္တ”ဟု ကဏ္ဍတဂ္ဂလသုတ် လာသည့်အတိုင်း ခဲယဉ်းပေစွ။ စဉ်းစားကြပါလေ။ သေဘေး၊ နာဘေးကြီးနယ်မှ လွတ်မြောက်နိုင်သော လောကုတ္တရာနယ် အသိဆုံးနိဗ္ဗာန်ရောက်ကြောင်း သတိထားကြရန် ဓမ္မဓိဋ္ဌာန်ရည်ရွယ်၍ ရေးသားပါသည်။

အို လူများတို့—စိတ်လဲမရှိကြပါနှင့်။ ထာပနာ ပုစ္ဆာမျိုးလည်း မဟုတ်ပါ။ သိသင့်သလောက် အသိဆုံးဖြစ်ဘို့။ သိမှသာလျှင်၊ ရသင့်သလောက် အရဆုံးဖြစ်ဘို့၊ ရေးသားပေ၏။ သို့အတွက် သိသင့်သည်၊ ရသင့်သည်၊ လုပ်သင့်သည်၊ မေးသင့်သည်။

အို လူများတို့—ယခုလို ရိုးရာ၊ ဖာသိဖာသာ၊ အေးစက်စက်အဖြစ်မှ ပြောင်းလဲလိုက်ကြပါကုန်လော့။ ဘုရားရုပ်ပွားကြီးမှာသာ အကြည်ညိုဆုံး၍နေသော ဝက္ကလိ ရဟန်းကို ကြည့်ပါ။ “ဓမ္မံ အပဿန္တော မံ န ပဿတိ” ဟု ဣတိဝုတ်လာသည့်အတိုင်း ပရမတ်အနှစ်တရားမြင်မှ ငါဘုရားကို မြင်သည် မည်သတဲ့။

အို လူများတို့—ဓမ္မပဒ အဋ္ဌကထာမှာလည်း ကြည့်ပါ။ “ယောခေါ ဝက္ကလိ။ ဓမ္မံ ပဿတိ သော မံ ပဿတိ”[၁] ချစ်သားဝက္ကလိ။ တရားကိုမြင်မှ။ ငါဘုရားကို မြင်သည်မည်သတဲ့။ ဟူ၍ ငင်း။ အဟုတ်သိ၊ တကယ်သိ၊ ကေန်—အမှန်သိ ရှား၏။ ပရမတ်ထိမှ ဉာဏ်မိသည်။ ဉာဏ်မိမှ အသိဆုံးသည်။

အို လူများတို့ — မြတ်စွာဘုရားသည် ဘုရား မဖြစ်မီက ပဉ္စဝဂ္ဂီငါးဦးတို့နှင့် ပထမတကြိမ်တွေ့လေသည်။ မိမိတို့ဆရာပင်

---

၁။ ရှု တိဝုတ္တ၊ ၄။ ၂၀၀။ သံ၊ ၂။ ၉၀။

ဖြစ်၏။ ။ငင်းနောက် ခြောက်နှစ်ကြာ၍ ဘုရားဖြစ်ပြီးသော အခါ ပဥ္စဝဂ္ဂီတို့က "ဩော်။ ငါတို့ဆရာ ယခုမှ ကြွလာတော့ သည်။" ဟု ဆရာသာမညလောက်သာ သူတို့သိကြသည်။ ပရ မတ်အားဖြင့် ဘုရားဟူ၍ သူတို့မသိကြ။ ပညတ်သိသာ ဖြစ်၍ နေသည်။ ထိုအခါ မြတ်စွာဘုရားက "ငါဘုရားဖြစ်ပြီ၊ ငါ ဘုရား ဖြစ်ပြီ" ဟု ပြောသော်လည်း ပဥ္စဝဂ္ဂီတို့က မယုံကြလေ။ အဘယ့်ကြောင့်နည်း။ အကန်းကို နေမင်းပြဘိသကဲ့သို့ ဖြစ်နေသေး၏။ သို့နှင့်သာ ဟဖြေးဖြေးတရားဟော၍ ပရမတ်အသိဖြင့် ကိစ္စပြီး သိသောအခါကျမှသာ "ဩော်—ငါတို့ဆရာ၊ ဘုရားဖြစ်နေ ပါပေါ့သလား" ဟု အလိုအလျောက် သိကြလေသည်။

ယခုအခါ မြတ်စွာဘုရားက ငါဘုရားဘဲ ဟူ၍ မပြောက်ရပေ။ ပထမ တရားမသိခင် ဘုရားခန္ဓာ၌သာ ဆုံး၍နေ၏။ ဘုရား မှန်းပင် မသိလေ။ သို့အတွက် မျက်စိမြင်သော ပုဂ္ဂိုလ်သည် မြင်သောသူ၊ မမြင်သောသူ၊ နှစ်မျိုးစလုံးကို သိနိုင်၏။ မမြင် သော သူမှာ နှစ်မျိုးစလုံးကိုပင် မသိနိုင်။ လားလားမျှ သိမည် မဟုတ်။ သိနိုင်ရန် ဉာဏ်စကလေးမျှမရှိ။ အကန်းသည် နေမင်း ကို မြင်ရန် ဉာဏ်စ မရှိသကဲ့သို့တည်း။ သို့ပါသောကြောင့် "အပဿန္တော အပဿန္တံ။ ပဿန္တဥ္စ နပဿတိ" ဟု မြတ်စွာ ဘုရား ဟောတော်မူလေသည်။ (ပရမတ်အမြင် ဆိုလို၏။)

ထင်းကဲ့သို့ ပရမတ်ဉာဏ် ပေါက်သောသူမှာသာ အသား အနှစ်ထိအောင် ဘုရားစေတီရုပ်ပွားအား ကြည့်လိုလဲရမည်။ ပြလိုလဲ ဖြစ်မည်။ ၎င်းပရမတ်အနှစ်ကို သာသနာပအခါ လူ

ပညာရှိ၊ နတ်ပညာရှိ၊ ဗြဟ္မာပညာရှိတို့ပင် မသိနိုင်ကြကုန်။ နေမင်းကို မမြင်သော အကန်းကဲ့သို့သာ ဖြစ်၍ နေ၏။ မိမိကိုယ်တိုင်လဲ မကြည့်နိုင်။ ကြည့်နိုင်ရန် သူတပါးကလည်း ပြလို့ မဖြစ်။

အို လူများတို့— ကြည့်ကြပါ။ ဥပမာ တရပ်။....

သာဝတ္ထိပြည်တွင် သုရမ္ဗဋ္ဌမည်သော ဒါယကာတယောက် ရှိသတဲ့။ ၎င်းအိမ်ကို မြတ်စွာဘုရားသည် ဆွမ်းခံ ကြွတော်မူလာရာဝယ် ပရမတ်ထိအောင် ရတနာသုံးပါးကို ဟောတော်မူသဖြင့် အသိဆုံးသိစေပြီးနောက် မာရ်နတ်က ဘုရားယောင်ဆောင်ပြီး တဖန်လှည့်ပတ်ပြီး ပြန်ကြွလာ၍၊ အယောင်ဆောင်ဘုရားအတုက၊ "အချင်း သုရမ္ဗဋ္ဌ ငါသည် ယခုတွင်က ဟောသော တရားမှာ မေ့လို့ဟောမိသည်၊ မယုံကြည်နှင့်၊ မယုံကြည်နှင့်"ဟု ဆိုလေလျှင် ထိုအခါ အသိဆုံး ရောက်ပြီး ဖြစ်သော သုရမ္ဗဋ္ဌ ဒါယကာမှာ ရုတ်တရက် အံ့အားသင့်၍ ခဏချင်းပင် ဆုံးဖြတ်တတ်သောဉာဏ် ရှိသည့်အတိုင်း—ရောင်ခြည်လျှံညီး အံ့မပြီးနိုင်သော အတုအယောင်ဆောင်ဘုရားကို ဗုဒ္ဓအစစ်ဘုရား။ မာရ်နတ်ဘုရားဟူ၍ သဏ္ဍာန်ပညတ်ဖြင့် ခွဲ၍မရ— ပရမတ်ဉာဏ်ဖြင့်သာ ခွဲရ၍ "အသင် ဘသူတုန်း"ဟု မေးလေလျှင် "ငါ မာရ်နတ်"ဟူ၍ ကွယ်ပျောက်လေ၏။

သုရမ္ဗဋ္ဌမှာ ပရမတ်မျက်စိ ပေါက်ပြီး ဖြစ်သည့် အတိုင်း ဝိစိကိစ္ဆာကင်းစင်၍ ဘုရားတု ဘုရားယောင်၊ တရားတု တရားယောင်၊ သံဃာတု သံဃာယောင် တသားတည်း တူလှအောင် မာရ်နတ်က ဖန်ဆင်း၍ပြသော်လည်း မျက်စိမြင်သောစက္ခုမှာ

ယောကျ်ားကဲ့သို့ ''ပဿတိ ပဿော ပဿန္တို အပဿန္တာ ဥပဿတိ''၁ ဟူသည့် အတိုင်း၊ ဉာဏ်အမြင်ဖြင့် အသိဆုံးပြီး ဖြစ်၍သာလျှင်ကတည်း။ ၂

ဝက္ကလိရဟန်းမှာ— ရုပ်ပညတ်ဘုရားတွင်သာ ရပ်ဆုံးနေ၍ ဘုရား၏ ကဲ့ရဲ့မြည်တွန်ခြင်း ခံရသည်။

ပေါဋ္ဌိလရဟန်းမှာ— ဘုတ်အုပ် စာပေ ပိဋကတ်၌သာ ဆုံးနေသဖြင့် 'တုစ္ဆ' အချည်းနှီး၊ အသုံးမကျ၊ အချိန်ဖြုန်း ဟူ၍ ဘုရား၏ ကဲ့ရဲ့ခြင်း ခံရသည်။ ချီးမွမ်းခြင်း နဲနဲမှ မရှိလေ။

အို လူများတို့—ရှေးအစဉ်အလာဆိုလျှင်။ အမှန်ချည်းသာ ထင်တတ်သည်။ ဘယ် ကျမ်းဂန်က— ဘယ်လို တွေ့သည်ဟု ကျမ်းဂန်ကိုသာ ဘုရားဟော ကျမ်းဂန်ကဲ့သို့ အလေး ပြုကြသည်။ ယခုအခါ ကျမ်းဂန်တွေကလည်း ရှုပ်။ အသိဉာဏ်တွေကလည်း နုပ်လှသည်။ အိမ်ကြား, လမ်းမ, အက္ခရာစာတွေက မကျော်ဝံ့၊ မနင်းဝံ့၊ ရှိခိုး၍ရှောင်ကွင်းကြ၊ ကြောက်ကြလန့်ကြသည်။ စာတွေလို ဘတ်ကြည့်သော အခါ အပျို—လူပျို ပေးစာ၊ ဘဲရေးစာများ ဖြစ်နေ၏။ သို့အတွက် ဉာဏ်အမြင် တိုလှ၏။ သတိချပ်ကြပါလေ။

အို လူများတို့—

| | |
|---|---|
| ကျမ်း | ဂန်တတ်သိ။ ပညာရှိလည်း သတိဖြစ်ခဲသည်။ |
| မှန် | မမှန်၊ သင့် မသင့်၊ ကျမ်းဂန်ဖြစ်လည်း၊ အဟုတ်သိမှ အမှန်ကျသည်။ |

၁။ သုရန္တ ဝဏ္ဏ၊ အံ့ခွ၊ ၁၊ ၃၀၅။ (နောက်ဆက်တွဲကြည့်)

တတ် ရှား ဣ | သည် ဆိုလည်း၊ သဒ္ဓါမဲ့လျှင်။ ဉာဏ် လွဲတတ်သည်။ ပါးသဒ္ဓါမရှိပါလဲ။ ဉာဏ်လည်းမဲ့က။ အမှန်ဘဲမရောက် သာမာန။ အတ္တုက္ကဖြင့်။ ပရဝမ္တန မရှိမှသာ သူ တော်စွာမှန်သည်။

**သုတ်မဟာဝါ** ပါဠိတော်လာ ''ဒုက္ခသန္တ ကရိဿတိ'' စကားမှာ ယခုအခါ ယခုဘဝနှင့်ပင် နိဗ္ဗာန်ရွှေမြို့တော်ကြီးသို့ လှုလုကြီး ရောက်နိုင်သော်လည်း ဥပုသ်စောင့်သော သူတို့မှာ လည်း ဥပုသ်ဇရပ်မှာ တွေ့ရာရှစ်သောင်း စကားပြောခြင်း။ အားအားရှိ ဆေးလိပ်သောက်ခြင်း။ ပျင်းပျင်းရှိ အိပ်ခြင်း ဖြင့်သာ အဆုံးအလုပ် ဖြစ်နေ၏။

တရားနာသောသူမှာလဲ တရားပွဲမကျွပ်ထဲတွင်သာ အလုပ် ဆုံး၍ နေ၏။

အသုဘရှုတရားနာ ကြွတော်မူပါဆိုသော်လည်း ထုံးစံသာ အလုပ်ဆုံး၍ နေ၏။

ရှင်သာမဏေတို့မှာလည်း သင်္ကန်းတောင်း၊ သင်္ကန်းဝတ် နှစ်ရပ်စလုံး ''သကလ ဝဋ္ဋ'ဒုက္ခ နိဿရဏ နိဗ္ဗာနဿ'' စသော သံသရာဝဋ္ဋဒုက္ခမှ ထွက်မြောက်ရန်ဆို၍ ပဋိညာဉ်နှစ်ရပ် ခံ ခဲ့ရသော်လည်း အလုပ်ကိုမလုပ်နိုင်၊ သင်္ကန်းဝတ်ခြင်း ပဋိညာဉ် ခံခြင်းသာ ဆုံး၍ နေ၏။

ဘုန်းကြီးမှာလည်းရဟန်းခံစဉ်က သင်္ကန်း... ခေါင်းလှူမြင် ဘင်ရှား ရဟန်းဆုံးမစဉ်တွင် ရဟန်းလောင်းက '' သံဃာဘန္တေ

ဥပသမ္ပဒံ ယာစာမိ ဥလ္လုမ္ပတု မံ ဘန္တေ”စသည်ဖြင့် ဥပဇ္ဈာယ် ဆရာ ကမ္မဝါဆရာတို့အား သံသရာဝဋ်မှ ထွက်မြောက်ရန် အလုပ်ကို လုပ်ပါမည်ဟု ပဋိညာဉ် ဝန်ခံချက် ရှိသော်လည်း ပဋိညာဉ်သာ ဆုံးသလိုလို အဖတ်တင်၍ နေ၏။

ဘုန်းကြီး ရဟန်းတို့မှာလည်း

“အာဝါသော စ ကုလံ လာဘော
ဂဏော ကမ္မဉ္စ ပဉ္စမံ။
အဒ္ဓါနံ ဉာတိ အာဗာဓော
ဂန္ထော ဣဒ္ဓိတိ တေဒသ”[၁]

ဟု ဝိသုဒ္ဓိမဂ် လာသည့်အတိုင်း။ အချို့မှာ—

အာဝါသနှင့် အလုပ်ဆုံး။
ကုလနှင့် အလုပ်ဆုံး။
လာဘနှင့် အလုပ်ဆုံး။
ဂဏနှင့် အလုပ်ဆုံး။
ကမ္မနှင့် အလုပ်ဆုံး။
ခရီးသွား–အဒ္ဓါဖြင့် အလုပ်ဆုံး။
ဉာတိဖြင့် အလုပ်ဆုံး။
အနာရောဂါ–အာဗာဓဖြင့် အလုပ်ဆုံး။
စာသင်၊ စာချခြင်း–ဂန္ထပလိဗောဓဖြင့် အလုပ်ဆုံး။
ဘုန်းကြီးခြင်း ဣဒ္ဓိဖြင့် အလုပ်ဆုံး။

ပလိဗောဓဆယ်မျိုးသာ ဆုံး-ဆုံး-ဆုံး-ဆုံးနှင့် အရှုံးပေးရလေသည်။ သူတို့ကသာ လွှမ်းမိုး၍ သွား၏။

---

၁။ ဝိသုဒ္ဓိ ၁၊ ၉၆။ (နောက်ဆက်တွဲကြည့်)

မြို့မှာနေ မြို့ဘုန်းပိတတ်၏။ ရွာမှာနေ ရွာဘုန်းပိတတ်၏။ တောကျောင်းမှာနေ တောကျောင်းဘုန်းပိတတ်၏။ တောင်မှာနေ တောင်ဘုန်းပိတတ်၏။

ဘုန်းမရှိပြန်လဲ— ဘုန်းရှိရန် ကြောင့်ကြခြင်း ဗျာပါရသောကဖြင့် ပိတတ်၏။

ဘုရားလက်ထက်က ရာဇဂြိုဟ်ပြည်တွင် ဦးတိဿဆိုတဲ့ အကျင့်ကောင်း ရဟန်းကလေးတပါးကြည့်ပါ။ ။သပိတ်တလုံး သင်္ကန်းသုံးထည်သာရှိ၍ သည့်ပြင် ဘာဆို-ဘာမျှမရှိ။ ယခုကာလအလိုက် ပြောရလျှင် ရဟန်းမွဲကလေးပေါ့။ ဒါတောင် သေကာနီးရှိတဲ့အခါ သူ့နှမက လှူထားတဲ့ သင်္ကန်းကလေး ဝါတာတာ-လှတတကလေးမို့ စိတ်စွဲမိတာနှင့် ၎င်းသင်္ကန်းမှာ လာပြီး သန်းပြိတ္တာ ဖြစ်ရရှာပါကလား။

ဒါတောင် သီလဝိသုဒ္ဓိကလဲပြည့်စုံ၊ ဘုရားလက်ထက်လည်းကြုံ၊ ကုလဒုသန၊ အနေ့သန၊ မိစ္ဆာဇီဝ၊ နိသဂ္ဂိ၊ ကုဟန၊ လပနတို့မဘက်။ သက်သက် ပလိဗောဓမရှိ ဖြစ်သည်လဲတဖုံ၊ အိုး, ခွက်, သင်ဖြူး, ဖျာရိုင်, ကော်ဇော တိုတိုထွာထွာ၊ အဘိုးထိုက်, အဘိုးတန်, ဘာဘာ, ညာညာ ပစ္စည်းတွေကလဲ မရှိ။ သို့ပင်ဖြစ်လင့်ကစား ပြိတ္တာဖြစ်ရရှာသေး၏။

အဆိုပါပစ္စည်းတွေရှိလျှင် ဦးတိဿလေးမှာ ပြိတ္တာအောက် ဘယ့်လောက် နရက်ငရဲ ဂျမ်းပြန်အောင် ကျက်ရရှာမလဲ။ ဦးတိဿမှာ သင်္ကန်းသုံးထည်ရှိတာနှင့် ၎င်းသင်္ကန်းပိ၍ ပြိတ္တာဖြစ်သည်။ သင်္ကန်း ၅ထည် ၆ထည် ပိတာမဟုတ်သေး။ လူတို့နှင့်စပ်သော မယား-သား စသော စွဲလမ်းခြင်းလည်း လုံးလုံး

ကင်းစင်သေး၏။ ဒါတောင် ဤလိုဖြစ်ရှာရ၏။[၁] ကြက်သီး ထဘွယ် ကောင်းလေစွ။[၁] သို့အတွက်ကြောင့် လူတရာ ကိုးဆယ့်ကိုးယောက်ခန့် ငရဲကျက်ရမည်ဟု ဆိုခဲ့ခြင်း၌ ယုတ္တိရှိသင့်၏။

အကြောင်းမူကား တရာမှာ တယောက် ဘုန်းကြီးမဖြစ်။ ဖြစ်သော်လည်း တရာမှာတပါး ဥ ီ တိဿလို သီလဝိသုဒ္ဓိစသည်နှင့် ပြည့်စုံနိုင်ခဲ၏။ ဤကဲ့သို့ အထက်တန်းစား၊ သပိတ်တလုံး၊ သင်္ကန်းသုံးထည်နှင့်ပင် ပြိတ္တာ ဖြစ်ရခြင်းကို ထောက်သော်-တရာမှာ တယောက်သာ ငရဲလွတ်မည် ဆိုသော စကားသည် ကျကျနန ယုံကြည်သင့်တော့ပြီ။

သို့အတွက်ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဋီကာဆရာတို့က တနည်း မာရ်နတ်ဆယ်မျိုး ရှိသေးသည် ဟောထား၏။ ဘုန်းကြီးများ၏ အကြီးဆုံးသော ရန်သူဟူ၍လည်း ခေါ်သင့်၏။

အို- သူတော်ကောင်းတို့- ဤရန်သူ ဆယ်ထပ်မှ ထွက်မြောက်ကြပါကုန်လော။ လူတို့၏ ပွဲလမ်းသဘင်၊ အလှူ တင်းကုပ်တို့၌ ပကာသနမျိုးသာ ပဓာနမျိုးထား၍ ရိုးရာ ထုံးစံလိုလိုသာ စိတ်ထားတတ်ကြသည်—

| | |
|---|---|
| အ | လှူအဒါန်း၊ပေးလှူခန်း၊ လုပ်ရိုးတမ်းမို့။ လုပ်လိုလို။ |
| စစ် | အစစ်မှန်၊ ပြည်နိဗ္ဗာန်။ စိတ်ဉာဏ်ရှိမှ ရောက်မည်ကို။ |
| မှန် | သည်ဝဋ္ဋ၊ နိဿိတ။ ဒုက္ခကိုဘဲ ငဲ့သလို။ |
| ကြ | ည့်လေလောက။ ဂုဏ်လိုကြ။ ပကာသနရှိရောင်လို။ |
| ပါ | ပစ်ိတ္တာ၊ ကုဟန။ မိစ္ဆာဇီဝ ကျသလို။ |

---

၁။ အရှင်တိဿဝတ္ထု၊ ဓမ္မ၊ ၄ ၂၊ ၂၁၁။

အိုို လူများတို့—လူတရာမှာ ကိုးဆယ့် ကိုးယောက်ခန့် အပါယ် ငရဲအိုးကြီးကို ဦးခေါင်းစောက်ထိုး ခြေမိုးမျှော် ကျက်ရမည်ဖြစ်သော်လည်း၊ ဖာသိ, ဖာသာ၊ အေးစက်စက် နေသောလူန, လူအ, လူမိုက်, တေလေစားမျိုးသာ ငရဲကျ မည်ဟု ဘုရားက ဟောခြင်းဖြစ်၏။ ဤစာဖတ်ပြီး၍ စဉ်းစား ခန်းထုတ်သော ပုဂ္ဂိုလ်မှာ ဘာစိုးရိမ်စရာ ရှိသလဲ။

အိုို လူများတို့—နိဗ္ဗာန် ရွှေမြို့တော်ကြီးကို ယခုဘဝ၌ပင် ရောက်ရန် အားထုတ်ကြပါကုန်လော့။ ယခုအခါ ဤ သာ သနာအတွင်းမှာ နေ့မဆို၊ ညဉ့်မဆို၊ တရားအလုပ်ကို နည်းမှန်, လမ်းမှန်ဖြင့် လုပ်ကြပါလျှင် နိဗ္ဗာန်ရနိုင်သော နေ့ကြီးဖြစ်၏။ သုတ်မဟာဝါ ဘုရားဟောကြည့်ပါ။ [1]

"သမ္မာဝိဟရေယျုံ၊ အသုညော လောကော
အရဟန္တေဟိ အဿ"

ဟူသော စကားအရမှာ တရားအားထုတ်လျှင် ရဟန္တာ မဆိတ်ကြောင်း မြတ်စွာဘုရား မိန့်တော်မူပြီးမဟုတ်ပါလော။

ထိုမျှမကသေး။ သတိပဋ္ဌာန်မှာ [2] "စတ္တာရော သတိပဋ္ဌာနေ ဝေ ဘာဝေယျ သတ္တာဟံ ဖလံ"ဟု ခုနစ်ရက်, ခုနစ်လ, ခုနစ်နှစ်။ ၎င်းသုံးမျိုးသော ကာလအတွင်း နိဗ္ဗာန်ရနိုင်၏လို့ လည်း ဟောတော်မူပြီး မဟုတ်ပါလား။

အိုို လူများတို့—မေတ္တေယျ ဘုရားကိုလည်း တွေ့နိုးနိုးနှင့် သာ အချိန်မကုန်ကြပါစေနဲ့။ ဤလို ယောင်တောင်တောင်နှင့် ယောင်ပေါင်းများလှပါပြီ။ ဂင်္ဂါသဲစု ဘုရားတွေနှင့်လဲ လွဲ

၁။ ဒီ ၂၊ ၁၂၅။ (နောက်ဆက်တွဲကြည့်) ၂။ ဒီ ၂၊ ၂၅၂။

ပေါင်း များပြားပြီ။ အလုပ်နှင့်နည်းသာ လိုတော့၏။ အားထုတ်လို့ ယခုဘဝ မရောက်သေးလျှင်လဲ နောက်ဘဝ ကေန္တရောက်နိုင်ကြောင်း ကြည့်ကြပါလေ။ ။စတုက္ကအင်္ဂုတ္တိုရ်[1]၌ "ဒန္ဓောဘိက္ခဝေ သတုပ္ပါဒေါ၊ အထခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဂါမီ ဟောတိ" ဟု။ ယခုဘဝ မရလျှင် နောက်ဘဝ ရနိုင်ရန် သိသိသာသာ ထင်ရှား၏။

အို လူများတို့—ဆရာ့ဆရာတော်ကြီးတို့ အဆုံး အဖြတ် မှာလဲ ယခုဘဝ အားထုတ်လျှင် ဘဗ္ဗပုဂ္ဂိုလ်အလိုက် ယခုဘဝ နိဗ္ဗာန်ရနိုင်ကြောင်း တညီတညာတည်း ဝန်ခံကြပေပြီ။ မောင်းထောင် သာသနာပိုင်ကြီးတို့ "သာသနာလင်္ကာရ"[2] မှာ သာသနာငါးထောင် အဆုံးအဖြတ် နှစ်မျိုးစလုံးပင် အဖျင်းဆုံး အောက် အရိယာခေတ် ရှိသေး၏။ ပါရမီချ, ကံချ နှင့်သာ မလုပ်ကြပါနှင့်။ ယခုအခါ နိဗ္ဗာန်ရောက်နိုင်ကြောင်း ရဲရဲကြီး တာဝန်ခံနိုင်၏။ အလုပ်နှင့် နည်းသာ လိုတော့ပြီ။

အို လူများတို့—တိဟိတ်လားလို့လဲ စစ်ဘွယ်မလိုလှကြ။ သူတပါးက စိတ်ပျက်အောင်၊ နားထွေးရန် ဘာဟိတ်လား- ညာဟိတ်လား မေးခဲ့လျှင်လည်း စတုက္ကင်္ဂုတ္တရပါဠိတော် ကြည့်ကြပါ။ [3] "ဇမ္ဗုဒီပိကာ မနုဿာ၊ ဥတ္တရကုရုကေ မနုဿေ အဘိဂ္ဂဏှန္တိ ဒေဝေစ တာဝတိံသေ ကတမေဟိ တီဟိ။ သူရာ သတိမန္တော ဣဓ ဗြဟ္မစရိယ ဝါသော" ဟူသော စကား၌။ အဘိဂ္ဂဏှန္တိ ဟု ဖွင့်၍ပြသည့်အတိုင်း ယုံကြည်လောက်ပြီ မဟုတ်

---

၁။ အံ၊ ၁၊ ၃၀၅။ ၂။ သာသနာလင်္ကာရ ၇၊ ၂၁၅။
၃။ အံ၊ ၃၊ ၁၉၈ (နောက်ဆက်တွဲကြည့်)

ပါလော၊ ယခုအခါ နိဗ္ဗာန်တံခါးသည် ဟင်းလင်းကြီး ပွင့်နေသေး၏။ ထိုထို ဝါဒတို့၌လည်း "အပ္ပသုတေသု ကေစွေ၊ မနုဿေပိ တိပေတုကာ။ သုဒုလ္လဘာတိ မညန္တိ၊ တေသံတံ မတိမတ္တကံ" ဟူသော စကားအရမှာလည်း။ အပ္ပသုတပုဂ္ဂိုလ်များသာ အားလျှော့ခြင်း–မတိမတ္တက ဖြစ်တတ်ပါ၏။ ယုံယုံကြည်ကြည်ရှိကြပါလေ။ စားတတ်မှ မဟုတ်။ ဝက်သတ်တတ်မှ ဝက်သား စားရမှာလား။ ထန်းပင်တက်တတ်မှ ထန်းရေသောက်ရမှာလား။ မုန့်လုပ်တတ်မှ မုန့်စားရမှာလား။ ယက်ကန်း ရက်တတ်မှ အဝတ် ဝတ်ရမှာလား။

အို လူများတို့—ပိုက်ဆံနှင့်တူသော ပါရမီသာ လိုရင်းဖြစ်၏။ ပါရမီနှင့် တူသော ပိုက်ဆံကို ယခုအခါ လူများသည် ကြည့်ဘွယ်မလိုလှ။ ဒုလ္လဘာငါးပါး။ စက်လေးပါးနှင့်လည်း ဦးတည့်ပြီးဖြစ်၏။ အရပ်ပြစ် ရှစ်ပါးတို့မှလဲ လွတ်ပြီးဖြစ်၏။ ပဉ္စာနန္တရိယ ကံငါးပါးနှင့် အဘဗ္ဗပုဂ္ဂိုလ်စားတွေမှလဲ ကင်းလွတ်ပြီ ဖြစ်၏။ ဘာလိုသေးတုန်း။

အို လူများတို့ များသောအားဖြင့် ဗုဒ္ဓဘာသာ လူမျိုးတို့မှာ ပါရမီသူဌေးကြီးချည်းသက်သက် ဖြစ်နေသည်။ သို့သော်လည်း ဤထိအောင် သတိမသားတတ်ကြကုန်။ နစ်နာဘွယ်ကောင်းပေစွ။ မူလပဏ္ဏာသ ပတိပဋ္ဌာန[၁] ကျမ်းဂန်တို့အတိုင်း "ဧဝံ ဘာဝေယျ သတ္တာဟံ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ" စသည်ဖြင့် ဘုရားဟောတော်မူရာဝယ် ခုနစ်ရက်နှင့် မရလျှင် ခုနစ်လ၊ ခုနစ်လနှင့်မရလျှင် ခုနစ်နှစ် စသည်ဖြင့် ပရမတ်

---

၁။ မူလပဏ္ဏာသ ၉၀။ (နောက်ဆက်တွဲကြည့်)

အသံဆုံးပြီး ကိစ္စတုံးအောင် ကြိုးစားကြပါကုန်လော၊ အားထုတ်ကြပါကုန်လော။

အို သူတော်ကောင်းတို့—ဤကား စဉ်းစားရန် အချက်များ ပြခြင်းဖြစ်၏။ သဲလွန်စကလေး ဖော်ပြခြင်း ဖြစ်တော့သတည်း။ (မပ္ပမိဋ္ဌာန်)

## လူတိုင်းကျက်ရန် သံဝေဂ သံပေါက်

| | |
|---|---|
| ဖြစ် | ပျက်ရကုန်၊ သုံးပါးဘုံ။ တွေ့ဆုံ ကွဲရသည်။ |
| ပြီး | လျှင်ပျက်ရ၊ အနိစ္စ။ ပုချ မှတ်ရမည်။ |
| မ | ရှိတောင့်တ၊ ရှိကြောင့်ကြ။ ဒုက္ခပူလှသည်။ |
| ရှင် | သေပြီးပျက်၊ မြင်သောမျက်။ တွေ့ရှက်သေခက်မည်။ |
| တွေ့ | လျှင်ရှက်ကြ၊ လူ့လောဘ။ ကိုးဝ ဘုံနယ်ပြည်။ |
| သေ | လျှင်ကော်လှ၊ အပါယ်ကျ။ ကယ်ပါ့ခေါ်တော့သည်။ |
| မြင် | လျှင်မက်ကြ၊ မိုက်မောဟ။ အဝိဇ္ဇာဖြစ်တော့သည်။ |
| ရ | လျှင် ကုန်ကျ၊ သင်္ခါရ။ အနိစ္စဖြစ်ကြသည်။ |
| ရှင် | လျှင် သေမြဲ၊ ရှောင်မလွှဲ၊ ကြောက်ပွဲရတော့မည်။ |
| ဆုံ | လျှင်ကွာကွဲ၊ ဘန်တလဲ။ မှတ်စွဲအနတ္တဖြစ်တော့သည်။ |
| လှည့် | လည်ဝိုင်းပတ်၊ ဆုံရဟတ်။ ပဋိစ္စခတ်ဖြစ်တော့သည်။ |
| ဖွား | တူပမာ၊ နာမ်ခန္ဓာ။ အဝိဇ္ဇာနှင့် ဆုံလည်သည်။ |

ခေါင်းစဉ်မှာ မာတိကာကို လွယ်ကူ မှတ်သားနိုင်စိမ့်သောစာ အစဉ်အတိုင်း ရေးသားလိုက်၏။

## နမောဗုဒ္ဓါ ခန္ဓာငါးပါး သံခိပ်

| | |
|---|---|
| န | မေနမာ။ ရတနာ။ ဆရာ,မိဘ။ ဦးနှိမ်ချ။ |
| မော | ဟိုက်သေမျိုး၊ဆင်းရဲအိုး။ ကိုယ်ကျိုးကိုယ်ကလွဲတတ်လှ။ |
| ဗု | ဒ္ဓဘုရား၊ ကျောဘက်ထား၊ အမှားကိုဖြင့် လုပ်တတ်ပ။ |
| ဒ္ဓါ | လိုလူမျိုး၊ ငရဲအိုး။ ဂျွမ်းထိုးပေကွ လူမိုက်ရ။ |
| ယ | မမင်းထံ၊ အစစ်ခံ။ ဖြစ်ဟန်ကြုံမှ နောင်တရ။ |
| သိ | လျှင်ကားဆေး၊မသိလျှင်ဘေး။ဉာဏ်တွေးရှိမှ နိဗ္ဗာန်ရ။ |
| ဒ္ဓါ | နတဖြာ၊ ဘာဝနာ။ လွန်စွာဝီရိယ ကြိုးစားမှ။ |
| အ | ဝိစိချိုး၊ ဖြစ်ဖြစ်တိုး။ ကိုယ်ကျိုးကိုယ်ဖြင့် မှားတတ်လှ။ |
| အာ | ကာကောင်းကင်၊အာကာပြင်။ဘာတွင် ဘာမှ သင်္ခါရ။ |
| ဣ | တိစသား၊ ဂုဏ်ကိုးပါး။ ဘုရားသော်မှ သင်္ခါရ။ |
| ဤ | ကမ္ဘာမြေကြီး၊ ရေ,လေ,မီး။ ဘယ်လိုနည်းမှ သင်္ခါရ။ |
| ဥ | အူခွေဘုံ၊ ကာမဂုဏ်။ မေထုန်သော်လဲ တွေ့ခဲ့လှ။ |
| ဦ | တီး ဦသည်၊ ယောင်ချာလည်။ ဘယ်လိုနွယ်မှ သင်္ခါရ။ |
| အေ | တ္တခန္ဓာ၊ ဤရုပ်ဟာ၊ ဗလာရေမြှုပ် တူလှပ။ |
| အဲ | လိုဝေဒနာ၊ ဤခန္ဓာ။ ပမာရေပွက် တူလှပ။ |
| အော | အံခန္ဓာ၊ သင်္ခါရာ။ ပုံလာငှက်ပျော တူလှပ။ |
| အော် | အော်မြည်ခါ၊ မှတ်ထားပါ။ သညာတံလှပ် တူလှပ။ |
| အံ | နာပါန၊ ဝိညာဏ။ ခန္ဓမျက်လှည့် တူလှပ။ |
| အား | ရ,ပါးရ၊ ကြိုးလုံ့လ၊ လေးဝ ဝီရိယ ပြည့်စုံပ။ |

သမထလုပ်ရန် စီအစဉ်နည်းလမ်း ပြီး၏။

## သမထလုပ်နည်း

သ မထလုပ်စဉ်၊ သတိပင်၊ ဘယ်တွင်ဘယ်မှ မထွက်ရ။
မ သိလျှင်မြင်၊ သိအစဉ်။ သိပင်သိမှ သတိရ။
ထ င်ထွက် မြင်ထွက်၊ ကြားနံ့လျက်။ ထိထွက်ဘယ်မှ မ
သွားရ။ (ဒွါရ ၆–ပါးကို စောင့်ပါ ဆိုလို၏။)
လုပ် ပါထွက်သိ၊ ရှူသိ့ သိ၊ ရှူ သိ့ အခါ။ အောက်ချက်မှာ၊
ထွက် သိ ခဏ၊ နှာသီးမှ။
ရန် တကာရေး၊ ကိလေဘေး။ စိတ်တွေးဘယ်မှ မရှိရ။
အ ဿာသ ပဿာသ၊ နည်းသော်ပြ။ လုပ်ရေး လုပ်မှ
ကောင်းမည်ပ။
စိ မ်ချည်တုပ်။ တိုင်မှာချုပ်။ ကြမ်းကြုတ်နွားမှ နို့ညှစ်ရ။
စဉ် အလာသေဘေး၊ နာ အို ရေး။ လွတ်ရေးလုပ်မှ လွတ်
မည်ပ။
နည်း စုံပိဋကတ်။ ရှိသော်လတ်။ ကျင့်ရပ်ကျင့်မှ နိဗ္ဗာန်ရ။
လမ်း ဟောင်းမဂ္ဂင်၊ မြတ်လေယာဉ်ကို၊ ဝေဟင်ခရီး၊ တက်
ရောက်စီးက၊ ရှာမှီးလက်မှတ်၊ ပုံသို့ ဟပ်လော့။
အဿာသ ပဿာသ၊ သမထကို။ ဗလဝဆန္ဒ၊ ပြည့်
ကြပါလော။ နိဗ္ဗူစံပျော်။ ။အို သူတော်တို့။

တနည်း–ထွက် (သိ) ရှူ (သိ) ၊မြဲသတိ၊ထွက်သိအခါ၊ နှာသီး
မှာ၊ ရှူ သိ-မမှား၊ ချုပ်အောင့်ထား=မြဲမြဲမှတ်—

## ဝိပဿနာဉာဏ် ဆယ်ပါး ၁–၂ အစဉ်

ပါးသူငါ၊ ရုပ်နာမ်သာဟု။ ဖြစ်လျှင်ပျက်မှု။ သမ္မသနရှု
လော။ (၁) သမ္မသနဉာဏ်–
သက်ချစ်ပွား၊ မယား-သားကို။ ပျက်ပြားဥဒယ။ ဉာဏ်
ဗယတည်း။ (၂) ဥဒယဗ္ဗယဉာဏ်–
သွယ်ဘုံကြီး၊ လျှံဆီမီးသို့။ ပျက်ကြီးပျက်ရ။ ဉာဏ်
ဘင်္ဂတည်း။ (၃) ဘင်္ဂဉာဏ်–
ပါးသစ္စာ။ ရိပ်မိပါက။ ကာမ စည်းစိမ်။ ရှိန်ရှိန်
မီးတောက်။ ကျားနှယ်ကြောက်က။ ဉာဏ်ဘယ
တည်း။ (၄) ဘယဉာဏ်–
ဝကာမဂုဏ်။ သင်းချိုင်းဘုံသို့၊ ပြစ်စုံအာဒိ။
ဉာဏ်မှာသိလော့။ (၅) အာဒီနဝဉာဏ်–
သွေ့ရေကန်၊ ဆင်ဆဒ္ဒန်မှာ၊ ပျော်ဟန်မရ။ သုဿာန်ဝ
သို့၊ ဉာဏနိဗ္ဗန်၊ပူရှိန် ငြီးငွေ့၊ တမြေ့မြေ့တည်း။
(၆) နိဗ္ဗိဒါဉာဏ်–
ပင်အိမ်ကြီး။ ရဲရဲမီးဖြင့်။ လောင်မီးမိုးကြိုး၊ သိလျက်
နိုးသော်။ ဇောက်ထိုးဂျမ်းပြန်၊ ထွက်ပြေးဟန်သို့၊
မုဥ္စိတုက ဉာဏ်အရတည်း။ (၇) မုဥ္စိတုကမျတာ
ဉာဏ်–
ပါးမဂ္ဂင်။ မိလျှင်ကွန်ငါး၊ မြွေမိဖားသို့။ လှောင်ထား
ငှက်သွင်။ဘုံသုံးပြင်ဝယ်။ မှတ်ထင်ပမာ။ ဆင်ခြင်
ရာ၊ ပဋိသင်္ခါတည်း။ (၈) ပဋိသင်္ခါဉာဏ်–

၉-ကိုး ကွယ်ရာကင်း၊ ကျွေးခံတွင်းမှ။ လွတ်ဆင်းကန့်ပြေး။ ယုန်
ကလေးသို့။ ငြိမ်းအေးပုံပြု။ သခ်ါရုဟု။ ညာဏ်ဥပေက္ခာ၏
သိမှတ်ပါလော့။ (၉) သခ်ါရုပေက္ခာညာဏ်—
၁၀-ဆယ်ပါးညာဏ်ရောင်။ သဘောဖောင်မှာ။ ကျွန်း—သေ၁င်
ဆိပ်ကမ်း။ ရောက်နိုးလှမ်းလျှင်။ ပျံသန်းထွက်ပျော်
ငှက်ဇင်ရော်သို့။ အနုလောမ။ ဂေါတြဟု။ သိ
ပမာ။ မှတ်ကြပါလော။ နိဗ္ဗူစံပျော်။ ။ အိုသု
တော်တို့။ (၁၀) အနုလောမညာဏ်—

ဉာဏ်ဆယ်ပါးအကျဉ်း ပြီး၏။

---

## နင်ကိုးပါး သံဝေဂ အကျဉ်း

နင် ၏မိုက်စ။ မဖြတ်က။ ဘယ်မှ မဆုံးသည်။
နင် ကိုယ်ခန္ဓာ။ နင်မိုက်ထာ။ နင်သာ ခံရမည်။
နင် ၏ဖြစ်ထွေ။ နင့်အနေ။ နင်လေ မသိသည်။
နင် အမိုက်မျိုး။ နင်လူဆိုး။ ကိုယ်ကျိုးနဲ့ရမည်။
နင် မသိက။ နင်မိုက်လှ။ မောဟ ဖုံးလွှမ်းသည်။
နင် သာကျင့်မှ။ ချမ်းသာရ။ ဒုက္ခလွတ်လေမည်။
နင် မကျင့်လေ။ ဆင်းရဲသေ၊ ဘယ်နေမလွတ်မည်။
နင် လိုမိုက်ကန်း။ ငရဲခန်း။ ဆုံးလမ်းမရှိသည်။
နင် ကိုယ်နင်အား။ နင်မသနား၊ နင်မှားရှာခဲ့ပြီ။

ဗျည်း ၃၃ ကမ္မဋ္ဌာန်းလင်္ကာ အကျဉ်း

က ကတ်သီးကတ်သတ်။ ပရမတ်အား။ ပညတ်ဖုံးအုပ်။ ဉာဉ်နှာမ်ရုပ်။ အဟုတ် မသိသည်။
ခ က်သည့်ပရမတ်။ ခွာပညတ်။ အမြစ်ပြတ်မှဟန်ရမည်။
ဂ င်္ဂါသဲစု။ ပညတ်မှု။ ပရမတ်သုမှ တရားဟုတ်သည်။
ဃ န ပညတ်။ ကွယ်ကာရပ်။ ပရမတ်စုကို သိခက်သည်။
င တ်မှတ်ခေါင်းပါး။ ကပ်တိုက်လား။ တရားမိုက်လို့ ဖြစ်ကြသည်။
စ တုသစ္စ။ မဂ်လေးဝ။ သိမှုကိုဘဲ။ ငါမြင်သည်။
ဆ အာယတန။ ဗာဟိယ။ ဂါမရွာကိုယ် သတ်လှုပြီ။ ဗာဟိယာတန ၆ ပါး လူသတ်ယောကျ်ားဆိုး၏။
ဇ ရပ် အိမ်ကျောင်း။ ပညတ်ပေါင်း။ စုဆောင်းစုံမှ အိမ်ခေါ်သည်။
ဈ နလာတိ။ ကျင့်လောကီ။ မဂ်ဉာဏ်မှီမှ ဟုတ်လှသည်။
ည ဏ်တော်ဆယ်ဝ။ ပဿန။ မြင်မှုကိုပဲ အေးလိမ့်မည်။
ဋ စ်တိတူးငုက်။ မိုက်လေချက်။ မိုးပြိုတွက်ကြောင့် ခြေထောင်သည်။ (အကြောင်းမဲ့ မတွေးဆနှင့်)
ဌ န်ကရိဏ်းကျန။ နူတ်ရွရွလည်း။ သဘောဟုတ်မှ လောကုတ်ဖြစ်သည်။
ဍ ဝါသရုက္ခ။ သစ်ပင်တွေလည်း။ မျိုးနေဗီဇ။ သမုဒယ ဖြစ်သည်။
ဎ ကီလက်သမား၊ ပမာထား၊ စကြဝဠာ လောကဓာတ်၊ ကံ ပြုလုပ်သည်။

ဏ ကြီးဒေါဏ၊ ပုဏ္ဏားသသည့်။ ခတ်တော်တွေခဲ။ ရောင်တော်ပွဲမို့။

တ ရတ်ကုလား။ပညတ်ပွား၏။ပရမတ်အားမှာ။ဘာမှ မရှိ။ ဘိတ်မရှိတည်း။

ထ င်မြင်တံလျှပ်။ သမင်ဟပ်သည့်။ ရေငတ်ပမာ။ ဘုံ ကာမာတည်း။

ဒ ဒွ-ပွေးနာ။ ကိလေနာတူ။ ဆေးမှာကုမှ။ ဘေး ငြိမ်းရမည်။

ဓ မှဘုရား။ ဆေးသမားဟူ။ အလားတူ၏။ ခြေကြွ မရှိ။ ကုကြဘိလော့။

န င်,ငါသူဘဲ။ အထင်လွဲ၏။ မှားစွဲသက္ကာ၊ ပညတ်ခွာ လော့။

ပ ရမတ်သိ။အနှစ်ထိ။မြင်ဉာဏ်ရှိမှ ငါပျောက်မည်။

ဖ ယောင်းတိုင်ပုံ။ မီးတွေ့ကြုံမှ။ ဖြစ်ဆုံပျက်ရ။ ရှာမရ သည်။

ဗ လာပျော်မျိုး၊ ဖလံပိုး၊ မီးကိုတိုးမှ။ အကျိုးနဲ့ သိသည်။

ဘ ယ်ခွေး,ဘယ်ဝက်။ ဘယ်ဘယ်ငှက်။ ဒီလိုသေချက်။ သူတို့သိသည်။

မ ရှိကိုမြင်။ ရှိကိုကြဉ်။ ဒိဋ္ဌိမြင်က အမှားကျသည်။

ယ မိုက်ပဋ္ဌာန်း။ နာမ်ရုပ်ခန်း။ မမြင်ကန်းက ဘေး မလွတ်သည်။

ရ တနာမြွတ်။ မည်ပညပာ။ ပရမတ်ဆိုက်မှ လူဖြစ်ကျိုး
နပ်မည်။
လ က္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်၊ သိဉာဏ်ရှိမှသိဆုံးမည်။
ဝ ဂ္ဂင်ါးဦး။ တရားထူးကို။ လူရှူးဘဝ။ ဉာဏ်မှ ထသည်။
သ ဏ္ဌာန်ဓားမ်။ ပေါက်ဆိန်စမှာ။ သံမှတပါး၊ပညတ်မှား
ကို။ ဆိုရာမထိ၊ ဓားမရှိသည်။
ဟ န်ပုတ်အိုးခွက်၊ သဏ္ဌာန်တွက်ကြောင့်။ မြေမှတပါး
အိုးခွက်မရှိ။
ဋ္ဌ ကြီးအလို။ကျွန်းသီဟိုဠ်မှာ။ကျွန်းမှတပါး သီဟိုဠ်မရှိ။
အ င်္ဂလိပ်, ကုလား။ ရွာ့တပါးလည်း။ လူမှ တခြား
ကုလားမရှိ။ ပညတ်သိကို။ခွဘိဉာဏ်စင်။သူတော်
ရှင်တို့။

ချည်း ၃၃ ကမ္မဋ္ဌာန်း ပြီး၏။

## သစ္စာလေးပါး မြန်မာဂါထာ

| | |
|---|---|
| ဒု | က္ခေလုပ်တိုင်း၊ သင်းချိုင်းမသာ။ |
| က္ခ | က်လှုပါဘိ၊၊ ပူမီးဗျာပါ။ |
| သ | မ်သရာက၊ ငိုခဲ့ရရှာ။ |
| စ္စာ | ရေရှိ၊ လေးရှိ သမုဒ္ဒရာ။ |
| သ | စ္စာလေးပါး၊ အမှားသူငါ၊ |
| မု | သားဆိုကြ၊ လောကကမ္ဘာ။ |
| ဒ | ါနသီလ၊ ကင်းကြသူငါ။ |
| ယ | မိုက်ကျမ်း၊ ကျင့်လမ်း ကြည့်မှသာ။ |
| မ | ဂ္ဂင်ရှစ်ပါး၊ မမှားကျင့်လေ။ |
| ဂ္ဂ | တိငရဲ၊ ကြောက်လဲ ကြောက်စေ။ |
| သ | မ္မာဒိဋ္ဌိ၊ ဉာဏ်သိ-ပုံသေ။ |
| စ္စာ | အတိုင်း၊ မဆိုင်း ကျင့်ကြလေ။ |
| နိ | ဗ္ဗာန်မြို့၊ သွားဘို့ကြံရည်၊ |
| ရော | က်ရန်ယခု၊ ပြုသင့် ပြုသည်။ |
| ဓ | မ္မနှလုံး၊ ရှင်ပြုံးသာကြည်။ |
| သ | မ်သရာတော၊ ဒုက္ခာအညီ။ |
| စ္စာ | အတွေ့၊ ယနေ့ ကျင့်ရမည်။ |

## သစ္စာအနက်-တသယ့်ခြောက်ချက်

| | |
|---|---|
| သ | က်သာမရ၊ ကျင်နာလှ၊ ပိဋ္ဌနဋ္ဌ ဆိုကြသည်။ |
| စွာ | သင်္ခတ၊ ပြုပြင်ကြ၊ သင်္ခါရသာ ရှိတော့သည်။ |
| အ | ဘန်မပြတ်၊ လောင်စေအပ်၊ သန္တာပဋ္ဌ၊ နာပူသည်။ |
| နက် | နဲမိပွာယ်၊ ဘောက်ပြန်လွှယ်၊ ပျက်ဘွယ် ဝိပရိနာမ ဖြစ်တော့သည်။ (ဒုက္ခသစ္စာ) |

---

| | |
|---|---|
| သယ့် | တစ်မိးပွား၊ လောဘမှား၊လိုလား အာယူဟာန၊ ဒုက္ခ ပစ္စည်း ဆည်းပူးသည်။ |
| ခြောက် | ဖြာကာမ နိဒါန။ ဘဝအသစ် ပေးအပ်သည်။ |
| ချက် | ပြုတ်ရှာမှိုး၊ ဆင်းရဲငြိး၊ နှောင်ဖွဲ့ကြိုးကြောင့်၊ သံ ယောဂ ဆိုသည်။ |
| ကို | မှာ နှောင့်ယှက်၊ ဆင်းရဲချက်၊ မထွက်ရအောင်၊ ပလိ ဗောဓ ဆောင်သည်။ (သမုဒယသစ္စာ) |

---

| | |
|---|---|
| မှတ် | ဘွယ်၊ နိရောဓ၊ နိဿရဏမှာ၊ ဝဋ္ဋသုံးမြွာ၊ လွှတ်ခါ ကြံသင့်ပြီ။ |
| ကျက် | မှတ်ပညာ၊ အမတာ၊ သေ၊ နာ၊ ဖြစ်၊ ပျက်၊ မရှိသည်။ |
| သူ | လူ၊ နှောင့်ယှက်၊ လွှတ်ကင်းချက်၊ ဘေး မဘက်လို့ ပဝိဝေက ဆိုသည်။ |
| ငါ | သူမြင်ရ၊ မပြုပြင်ကြ၊ အသင်္ခတသာ ဖြစ်သည်။ (နိရောဓသစ္စာ) |

| | |
|---|---|
| သိ | ဉာဏ်မဂ္ဂ၊ နိယျာန၊ သံသရာမှ၊ ထုတ်ဆောင်သည်။ |
| ကြ | ည်လင်သဒ္ဓါ၊မိပညာနှင့်၊ သမာသီလ၊ ဟေတုဒွေ၊ မူလ ခိုင်မြဲ ပွားစေသည်။ |
| ပါ | ရမီဓမ္မ၊ ဧဿန၊သစ္စာဉာဏ်ရောင်၊ လင်းပြောင်သည်။ |
| လော | ဘာနုသယ၊ ကိလေသာ၊ အဝိပတေယျ၊ စိုးအုပ်သည်။ |
| | (မဂ္ဂသစ္စာ) |

နမောတဿ သံဝေဂလင်္ကာ အကျဉ်း

| | |
|---|---|
| န | တ်မင်း၊ လူမင်း၊ဗြဟ္မာမင်း၊ ကြွားရင်း သေလှပြီ။ |
| မော | ဟိုက်ပင်ပန်း၊ ငရဲလမ်း၊ လွတ်ခန်းတွေ့တော့ပြီ။ |
| တ | တုန်တုန်၊တခိုက်ခိုက်၊အိုနာလိုက်၊သေမိုက်များလှပြီ။ |
| ဿ | တိ ရပါ၊ ခုအခါ၊ကြုံလာတိုက်ကပြီ။ |
| ဘ | ယ်နေ့၊ ဘယ်ရက်၊ ဘယ်မနက်၊ သေချက်ရှိကပြီ။ |
| ဂ | ရာဝါသ၊ သူ့ကိစ္စ၊ ဆုံးစ မရှိသည်။ |
| ဝ | သုန် မြေလောက်၊ အရှိုးကောက်၊ ဆိုရောက်ရှိကပြီ။ |
| တော | တောင်သမုဒ္ဒရာ၊ရှေးကမ္ဘာ၊ဘယ်ဟာ၊ဘာမှ၊မရှိပြီ။ |
| အ | ခုသေမလား၊ နက်ဖြန်လား၊ သေအား ခေါ်လှပြီ။ |
| ရ | က်စက်သေကွဲ၊ အို၊ နာ၊ ပွဲ။ လိုက်ပွဲ နီးကပြီ။ |
| ဟ | မ်ရ၊ ပန်ရ၊ ဝါကြွားက။ သေမှ နောင်တမည်။ |
| တော | တောင်ရိပ်မှိုး၊ တကိုယ်တည်း။ ပုတီး မြဲသင့်ပြီ။ |
| သ | မ်သရာ၊ ငရဲအိုး၊ ဟုန်းဟုန်းတိုး။ ကိုယ်ကျိုးနဲလှပြီ။ |
| မ္မာ | နလောဘာ၊ နုသယ၏ အဝိဇ္ဇာမူလ။ ဆင်းရဲစ၊ ဖြတ်မှ သင့်တော့မည်။ |

| | |
|---|---|
| သ | မ်သရာက။ငိုခဲ့ရသည်။သမုဒ္ဒရာလေး။မျက်ရေဖွေး။ ပူဆွေးမကပြီ။ |
| ဒ္ဓါ | ဒ္ဓုပ္ပါဒ။ ဒုလ္လဘ။ ငါး၀ တွေ့တော့ပြီ။ |
| ဒ္ဓ | သ ကသိဏာ။ အသုဘာ။ စွဲကာကျင့်တော့မည်။ |
| ဿ | ဘက်။ ဖိန်းနွဲ၊ သေ,နာ,ပွဲ၊ ငို,ပွဲ, ဆိုက်တော့မည်။ |

---

| | |
|---|---|
| စ | စွာပညာ။ ငါဆရာ။ ငါသာ တတ်လှသည်။ (စာ တတ်ကျူးပုံ၊) |
| တု | ပ မရှိ။ တတ်လေဘိလှ၊ ကပိလ ရဟန်း။ ငရဲခန်း။ လွတ်လမ်းမရှိသည်။ |
| သ | ဿတမိစ္ဆာ။ မြို့ဗာရာဝယ်။ ဂင်္ဂါဆိပ်ကမ်း။ မစား လမ်း။ မှားခန်းကျင့်တော်ပြီ။ |
| စ္စာ | မှာမတတ်။ငါမှာတတ်၊အကျင့်တတ်မှ။ကျိုးရမည်။ |
| ယ | တိ။ရဟန်း၊စာတတ်ပြွမ်း။ကျင့်ခန်းရှိမှ၊ လိုရသည်။ |

**နမော့တဿ သံဝေဂ ပြီး၏။**

---

ဣတိပိသော ဂုဏ်တော် ကိုးပါး နိဗ္ဗိန္ဒ သံခိပ်

| | |
|---|---|
| ဣ | တိ ဤသို့၊ဖောင်ကူးတို့။ အောင်မြို့ကူးမှ။ဘေးလွတ် မည်။ |
| တိ | လောကခွင်၊ဘုံသုံးပြင်။ ဘာတွင် ဘာမှ မမြဲသည်။ |
| ပိ | ယဝါစာ။မြင်တိုင်းသာ မေတ္တာကိုယ်ကပွားရမည်။ |
| သော | သောဆူညံ့။ လောကဓံ ပျက်ကံကြုံရ ပျက်ရမည်။ |

ဘ ယ်သူလင်သား။ ဘယ်မယား ဘယ်သူအားမှ သေရ
မည်။
ဂ တိလေးပါး၊ အပါယ်သွား။ ကြောက်အားပိုလှ၊
ကြောက်လှပြီ၊
ဝါ ယောရေမြေ။အာဟာရေ။ မြင်သေမျက်လှည့် ထင်
ကြသည်။
အ ရိပ်ပုံဆို။ လောကကို။ မှန်လိုကြည့်မှ ဟုတ်လှသည်။
ရ တနာရွှေငွေ။ မှန်ရိပ်နေ။ ယူခလဆိုက မယူမည်။
ဟ သည့်မှန်ရိပ်၊တွင်းပြင်ရိပ်၊တသိတ်သူးခြားမရှိသည်။
သ တိအမှား။အရူးအား။မှန်သားရွှေကို ရွှေထင်သည်။
မ္ဗာ နဒေါသ၊ကြက်မှန်ပြု၊ဒေါသကိုပင်,ကြက်ဖြစ်သည်။
သ တိမမူ၊ဂူမမြင်။ မိုက်ထင်ဝက်ကန်း။ သေဘူးသည်။
မ္ဗု ဒ္ဓအရိယာ၊ လူပညာ။ မှန်မှာမြင်သမျှ မလိုသည်။
ဒွေါ သကြောင်မှာ။မှန်တွေ့ခါ။ဖြိုးကာမြည်လျက်။ ခုတ်
ကိုက်သည်။
ဝိ ဋ္ဌပြုတာ။မှန်ပြုထား။ သုံးပါးကြောင်းကြောင့်။
ရိပ်ထင်သည်။
ဋ္ဌာ တိပစ္စယာ, ပဋိစ္စာ။ အဝိဋ္ဌာကာ စဖြစ်သည်။
စ ဋ္ဌာကြက်ဥ။ကြက်မမှု။ ဘယ်သူဘယ်က စပါသည်။
ရ တနာရွှေ,ငွေ။ ဆန်, ရေ, စပါး။ လောကီအား။
အမှားကိုဘဲ မှန်ရိပ်မို။
နှ တိး–နတ။ လူဗာလ။ မှန်ကကိုဘဲ ငါထင်သည်။
သ စ္စာလေးဝ။ မဂ္ဂင်။ ဒုက္ခကိုဘဲ ငါထင်သည်။

မ္ပ ညာသမာ။အာဘာနတ္ထိ။မြတ်မုနိ။ ကျမ်းသိ ငါမြင်
သည်။

န္နော က်နေက်ကမ္ဘာ။ ကြောင်းလေးဟာ။ လောင်စာ
ထင်းနှင့် တူလှသည်။

သု မ်းပါးမီးပြောင်။ဟုန်းဟုန်းလောင်။တောက်ရောင်
ထင်မှ ဖြစ်ကြသည်။

ဂ ဃ,နန၊ဉာဏ်ထင်က၊တလောကမှပျောက်တော့သည်။

တော တောင်ကမ္ဘာ။ ရှေးရှေးဟာ။ ဘယ်ဟာဘာမှ ရှာ
မရသည်။

လော ကသုံးခွင်။ဘုံသုံးပြင်။ ဘာတွင် ဘာမှ မမြဲသည်။

က မ္ဘာ့ကမ္ဘာ၊ရှေ့နောက်ဟာ၊ဘယ်ဟာဘာမှမရှိသည်။

ဝိ ကာရမရှိပုံ။လောင်စာကုန်။ မီးဟုန်မီးတောက် မရှိ
သည်။

ဒူ ဒူမောင်းသံ။ အကြောင်းကြံ။ ဘယ်ဉာဏ် ဘယ်က
ပြုပါမည်။

အ မှန်တရား လက်ခတ်အားနှင့်။ မောင်းကားတီးသူ။
သုံးပါးမှုကြောင့်။ အတူဆုံ၍ မြည်ပါသည်။

နု နယ်ဝ ါဝင်း၊လှပခြင်း သေခြင်းနောက်ကကပ်နေပြီ။

တ္တ ရက်,တရက်။ သင်းချိုင်းဘက်။ လိုက်ရက်ကိုက နီး
တော့ပြီ။

ရော ကျွားဟဲ့ ဘသားကွဲ့။အမွှားဘက်ဖြင့်။ငါမလိုက်ပြီ။

ပု ထုဇန်လမ်း။မိုက်ကန်း။ ဆုံးခန်းလိုက်မှတော်တော့
မည်။

ရိ ။ ဋ္ဌတွန့်လိမ်၊နှာပူရှိန် သေချိန်ကြုံတော့သေတော့မည်။
သ ။ တ္တဝါဖလံမျိုး။မီးကိုတိုး။ ကိုယ်ကျိုးနဲ့လှုမျှားကပြီ။
ဝ ။ မ္မမျက်လုံး၊သင်းချိုင်းကုန်း။ အဆုံးကြည့်တော့လိုက်
ရမည်။
မ္မ ။ လိုက်မနေ။သင်းချိုင်းမြေ။ဘယ်နေ့ဘယ်မှ မလွတ်၊
မည်။
သာ ။ ယာတောင်းဆို။ မလိုက်ပို။ ဘယ်လိုလူမှ မရသည်။
ရ ။ က်ရက်၊စက်စက်။ သင်းချိုင်းဘက်။ ညာတဲ့လူပင် မ
ရှိသည်။
ထိ ။ ပ်ချထားပြ။ မဖြစ်ရအောင်။ ကြိုးစားမောင်။
ခုတောင်ခုဘဲ လုပ်သင့်ပြီ။

သ ။ က္ကၓငါကို။ သနားလို။ ငါ့ကိုယ်ကျင့်မှ ငါရမည်။
တ္တာ ။ န်းသမားလူဆိုး။ထန်းရေအိုး။ အမိုက်မျိုးဖြင့် မိုက်
လှုပြီ။
ဒေ ။ သနာသိ၊ဝက္ကလိ။ တကယ်မသိက ဖိုလ်မရသည်။
က်သိ၊ ခွေးသိ။ဉာဏ်မထိ။ပရမတ်မိမှ ဉာဏ်သိသည်။

မ ။ သိလျှင်မိုက်။ သိလျှင်ထိုက်။ အမြိုက်သုဒ္ဓ စံရမည်။
နု ။ သာတိဆယ်။မြင်အောင်ကွယ်။ သိဘွယ်ဆုံးမှ အေး
ကြီးအေးသည်။
သာ ။ သနာခေတ်။ အရပ်ရှစ်နှင့်။ သင့်တင့် စက်လေး။
နိဗ္ဗူငြေ။ လွတ်ရေးကွဲ့ဖြင့် ပြည့်စုံပြီ။
နံ ။ မ်၊ရုပ်အတ္တ။ မြင်မှားကြ။ဂါဟကိုဘဲ ငါထင်သည်။

ဗု ဒ္ဓေပွင့်ဆဲ။ ဂင်္ဂါသဲ။ အပွဲပွဲမှ ချော်လှုပြီ။
ဒ္ဓေါ သမာန၊ ဝါကြွားက၊ သဘောကြုံမှုပြူးတော့မည်။
ဘ ယ်လိုလူတိုင်း။ မြေလုပ်တိုင်း။ သင်းချိုင်းကုန်းက
မျှော်လှုပြီ။
ဂ တိငရဲ။ သံအိုးထဲ။ ရဲရဲကြီးဖြင့် ကျက်တော့မည်။
ဝါ တွင်းဝါပ။ ကျင့်သီလ။ ရှိမှသာလျှင်လွတ်တော့မည်။
တိ ရနပရိညာ။ ပဟာနာကို။ ဝိဇ္ဇာစိန်သွား။ ဉာဏ်ရောင်
အားဖြင့်။ အမှားတခွင်။ လောကပြင်ဝယ်။ မှန်တွင်
အရိပ်။ ပုံနိမိတ်သို့။ မမှိတ်မသုန်။ ကြည့်သင့်ကုန်။

---

## အာဒျန္တ ဝိပဿနာ မြန်မာဂါထာ

| | | | |
|---|---|---|---|
| ဝိ | သုဒ္ဓိမဂ်။ ကျမ်းထွက် အ | တည် | |
| ပ | ညာဉာဏ်သုံး။ စံနှုန်း ဖန် | တည် | လိုလှ၏။ |
| ဿ | တို့မပြောင်း။ စိတ်ကောင်းတည် | ကြည် | |
| နာ | နာပွား၊ တရားနေရောင် | ကြည် | |
| ကြိုး | ပမ်းအားထုတ်။ နည်းဟုတ်ငါ | သေ | |
| စား | နံမြင်ကြား။ ထိလား ခု | သေ | |
| ကြ | ကျ, နန လုပ်ကွ သေ | ကျေ | ကျင့်ကြပါ။ |
| ပါ | ရမိပြေ့။ ခုနေ့တကျာ | ကျေ | |

| | | | |
|---|---|---|---|
| ခတ် | ရေ၊လေ၊မီး။ မြေကြီးထင် | မြင် | |
| လေး | ပါးခတ်ကြီး။ သူကြီးမြင် | မြင် | ရှိပါစေ။ |
| ပါး | လှစ်ညာဏ်သိ။ ငါရှိမ | ထင် | |
| နည်း | ကောင်းမှု။ သိရမြင်အောင် | ထင် | |
| စ | တတ်ခေါ်လင့်။ အကျင့်မ | ဟန် | |
| တတ် | ကျင့်နှစ်ဝ။ ရှိမှုဟန် | ဟန် | မထင်နှင့် |
| သော် | တပုဏ္ဏ၊ နေ၊လပြေ့ | ပန် | |
| လည်း | လျှောင်း၊ ပန်းအောင်းပြည်နိုဗ် | ပန် | |

ရတနာသုံးပါး သခ်ါရဂါထာ

| | | | |
|---|---|---|---|
| ဘုရား | ဟော | မှု။ အမတ စည်း (စိမ်) | စိန် |
| .... | တော် | မြတ်။ ပိဋကတ်ရွှေ | .... |
| .... | မူ | သေမျိုး။ တန်ခိုးအ | .... |
| .... | တိုင်း | သင်းချိုင်း။ တကယ် | .... |
| တရား | အား | ထုတ်။ နာမ်၊ရုပ် ညာဏ် | ရောင် |
| .... | ထုတ် | ခြင်း။ သေမင်းလွှတ် | .... |
| .... | ကျ | တိုင်း။ သင်းချိုင်းမြင် | --- |
| .... | ရိုး | မိုက်မျိုးတရောင် | .... |
| သင်္ဃာ | ရို | သေ။ စိတ်စေယုံ | ကြည် |
| .... | သေ | ဘေး။ နာအေးမ | .... |
| .... | ကြ | ညည်ညို။ ရှင်ပြုံးစိတ် | .... |
| .... | စန်း | ယုန်နန်မဂ်ရောင် | .... |

## နောက်ဆက်တွဲ

စာမျက်နှာ ၁၀။

ဧဝ မေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ မနုဿေသု ပစ္စာဇာယန္တိ။ အထ ခေါ ဧတေဝ ဗဟုတရာ သတ္တာ ယေ အညတြ မနုဿေဟိ ပစ္စာဇာယန္တိ။

ဘိက္ခဝေ-ရဟန်းတို့။ဧဝ မေဝ-ဤအတူသာလျှင်။ ယေ-အကြင်သတ္တဝါတို့သည်။ မနုဿေသု-လူတို့၌။ ပစ္စာဇာယန္တိ-တဖန်ဖြစ်ကြကုန်၏။တေသတ္တာ-ထိုသတ္တဝါတို့သည်။အပ္ပကာ နည်းပါးလှကုန်၏။ (လူသေလျှင် လူပြန်ဖြစ်သူတို့မှာ အလွန်နည်းပါးလှသည်။)

ယေ-အကြင်သတ္တဝါတို့သည်။မနုဿေဟိ-လူတို့မှ။အညတြ-တပါး၌။ပစ္စာဇာယန္တိ-တဖန်ဖြစ်ကုန်၏။ ဧတေဝ သတ္တာ-ထိုသတ္တဝါတို့သာလျှင်။ဗဟုတရာ-အလွန်များကုန်၏။(လူသေလျှင် အပါယ်ငရဲ လားသူတို့မှာကား အလွန်များလှသည်။)

သံ ၃၊ နှာ ၄၀၄ အညတြသုတ်။

စာမျက်နှာ ၁၀။

မဟာပထဝိံ ဥပနိဓာယ ဘဂဝတာ ပရိတ္တော နခသိခါယံ ပံသုံ အာရောပိတော တိ။

သံ ၃၊ နှာ ၄၀၄ အညတြသုတ်။

မဟာပထဝိ' မြေကြီးကို။ ဥပနိဓာယ - ထောက်ဆ၍။ ဘဂဝတာ-မြတ်စွာဘုရားသည်။နခသိခါယံ-လက်သည်းဖျား၌၊ ပံသုံ-မြေမှုန့်ကို။ ပရိတ္တော-အနည်းငယ်။ အာရောပိတော-တင်ထားတော်မူ၏။ ဣတိ-ဤသို့ ဖြေဆိုကြကုန်၏။ (လူသေလျှင် လက်သည်းပေါ်၌တင်ထားသော မြေမှုန့်မျှလောက်သာ လူ့ဘဝ၌ လူပြန်ဖြစ်ကြသည်။ အပါယ်ငရဲသို့ လားသူတို့ကား မဟာပထဝီမြေကြီး၌ရှိသော မြေမှုန့်မက အလွန်ပင် မနှိုင်းယှဉ်နိုင်အောင် များလှ၏။

စာမျက်နှာ ၁၁။

ဗလဝ ပညော မန္ဒသဒ္ဓေါ ကေရာတိကပက္ခံ
ဘဇတိ။

ဗလဝပညော၊ ပညာအားကြီးသော ပုဂ္ဂိုလ်သည် (ပညာလွန်သော ပုဂ္ဂိုလ်သည်)။ မန္ဒသဒ္ဓေါ၊ သဒ္ဓါတရားနဲ့နဲ့ အားနည်းလေ့ရှိ၏။ ကေရာတိကပက္ခံ၊ ကောက်ကျစ် စဉ်းလဲသော ဘက်သို့လည်း။ ဘဇတိ၊ ကပ်ရောက်တတ်၏။

(ပညာလွန်သော်—သဒ္ဓါ ညံ့တတ်၏ ဟူလို)

ကေရာတိပက္ခ = စဉ်းလဲကောက်ကျစ်ခြင်း။ကပ်စေးနဲခြင်း။
အာရောပိတ = အပြစ်တင်ခြင်း။

စာမျက်နှာ ၁၃။

အပ္ပမ္ပိစေ သံဟိတ ဘာသ မာနော၊
ဓမ္မဿ ဟောတိ အနုဓမ္မစာရီ။

ဓမ္မပဒ ၃၁—၁၆။

ဆက်ရန်။

(ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ၊
သမ္မပ္ပဇာနော သုဝိမုတ္တ စိတ္တော။
အနုပါဒိယာနော ဣဓ ဝါ ဟုရံ ဝါ၊
သဘာဂ ဝါ သာမညဿ ဟောတိ။

မြန်မာပြန်

နိဗ္ဗာန်ရောက်သည်အထိ အကျိုးစီးပွားနှင့်စပ်သော ပိဋကသုံးပုံဟူသော ဘုရားစကားတော်ကို အနည်းငယ်မျှပင် ပြောတတ်ပါသော်လည်း တရားအားလျော်သော အကျင့်ကို ကျင့်လေ့ရှိသူ ဖြစ်ခဲ့မူ ရာဂ ဒေါသ မောဟကို ပယ်ပြီးလျှင် ကောင်းစွာ အပြားအားဖြင့် သိသည်ဖြစ်၍ (ကိလေသာတို့မှ) လွတ်သော စိတ်ရှိသည်ဖြစ်လျက် ဤလောကဥ္စရင်း၊ တမလွန်လောကဥ္စရင်းစွဲလမ်းမှု မရှိတော့ပြီ။ ထိုသူသည်သာ မဂ်ဖိုလ်၏ အရသာကို ခံစားရ၏။

စာမျက်နှာ ၁၃။

ပေါဋ္ဌိလမထေရ်အကြောင်း။

(ဓမ္မပဒ အဋ္ဌကထာ ဒု–နှာ ၂၆၂၀)

စာမျက်နှာ ၁၄။

အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။ (အဂ္ဂပသာဒသုတ် ၃၁။ ဣတိဝုတ် ပါဠိတော်၊ နှာ–၂၅၄။ အံ ၁–၃၄၃။

အနက်။ ။အဂ္ဂေ ခေါ ပန်၊ အမြတ်တရား၌။ ပသန္နာနံ၊ ကြည်ညိုကုန်သော သူတို့အား။ အဂ္ဂေါ ဝိပါကော၊ မြတ်သော အကျိုးတရားသည်။ ဟောတိ၊ ဖြစ်၏။

စာမျက်နှာ ၁၅။

စိတ္တိကာရေ ကတေသဗ္ဗတ္ထ။

စာမျက်နှာ၁၅။

ဓမ္မံ အပဿန္တော မံ န ပဿတိ (န မံ ပဿတိ)

တရားကို မမြင်သောသူသည် ငါဘုရားကို မမြင်။

(ဣတိဝုတ် ၂၀၀။)

ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သောမံ ပဿတိ။

(သံ ၂-၉၀။)

ဝက္ကလိ တရားကိုမြင်သောသူသည်။ ငါ့ကို မြင်၏။

ဝက္ကလိ—ချစ်သားဝက္ကလိ။ ယောခေါ—အကြင်သူသည်။ ဓမ္မံ—တရားကို။ ပဿတိ—မြင်၏။ သော—တရားကိုမြင်သော ထိုသူသည်သာလျှင်။ မံ—ငါဘုရားကို။ ပဿတိ—မြင်၏။ မြင်သည် မည်၏။

စာမျက်နှာ ၁၆။

အပဿန္တော အပဿန္တံ ပဿန္တဉ္စ န ပဿတိ။

အပဿန္တော၊ မမြင်သောသူသည်။ အပဿန္တံ၊ မမြင်သောသူကိုရင်း။ ပဿန္တဉ္စ၊ မြင်သောသူကိုရင်း။ န ပဿတိ၊ မမြင်။

စာမျက်နှာ ၁၉။

ဒုက္ခသန္တံ ကရိဿတိ။

ဒုက္ခဿန္တံ– ဆင်းရဲငြိမ်းအေးခြင်းကို။ ကရိဿတိ– ပြုနိုင်လတ္တံ့။

(သုတ်မဟာ၁၀၁၊ နှာ–၁၀၁။)

အပြည့်အစုံမှာ—

ယော ဣမသ္မိံ ဓမ္မဝိနယေ

အပ္ပမတ္တော ဝိဟာဿတိ

ပဟာယ ဇာတိ သံသာရံ

ဒုက္ခဿန္တံ ကရိဿတိ။

ဤသာသနာတော်၌ မမေ့မလျော့ နေသည်ရှိသော် အဖန်ဖန် ဖြစ်ရခြင်း သံသရာကို လွန်မြောက်၍ ဆင်းရဲ အဆုံးသတ်ခြင်းကို ပြုနိုင်လတ္တံ့။

စာမျက်နှာ ၁၉။

သကလဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ (သစ္ဆိကရဏတ္ထာယ)

အလုံးစုံသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို (မျက်မှောက်ပြုခြင်း အကျိုးငှာ။)

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊

ဥလ္လုမ္ပတု မံ ဘန္တေ။

အရှင်ဘုရားတို့ သံဃာကို ရဟန်းအဖြစ်ကို တောင်းပန်ပါ၏။ အရှင်ဘုရား အကျွန်ုပ်ကို ရဟန်းအဖြစ်သို့ တင်မြောက်ပေးတော်မူပါဘုရား။

စာမျက်နှာ ၂၀။ ပလိဗောဓ ၁၀ ပါး

အာဝါသောစ ကုလံ လာဘော၊
ဂဏော ကမ္မဉ္စ ပဉ္စမံ။
အဒ္ဓါနံ ဉာတိ အာဗာဓော၊
ဂန္ထော ဣဒ္ဓိတိ တေဒသ။

(ဝိသုဒ္ဓိ၊ ပ၊ နှာ ၈၆။)

အာဝါသောစ—နေရာကျောင်းရင်း။ ကုလံစ—ဒါယကာ ဒါယိကာမရင်း။ လာဘောစ—အလှူအတန်းလာဘ်ရင်း။ ဂဏော စ—ဂိုဏ်းသံဃာရင်း။ ကမ္မဉ္စ ပဉ္စမံ—ငါးခုမြောက်သော အမှုကိစ္စရင်း။ အဒ္ဓါနံ—ခရီးသွားစရာရင်း။ ဉာတိ—ဆွေမျိုးရင်း။ အာဗာဓောစ—အနာရောဂါရင်း။ ဂန္ထောစ—စာပေကျမ်းဂန် ပို့ချသင်ယူမှုရင်း။ ဣဒ္ဓိစ—ပုထုဇ္ဇန် တန်ခိုးရင်း။ ဣတိ—ဤသို့။ တေ—ထိုပလိဗောဓ အနှောင့်အယှက်တို့သည်။ ဒသ—ဆယ်ပါး ရှိကုန်၏။

စာမျက်နှာ ၂၁။

ဦးတိဿအကြောင်း
သန်းပြိတ္တာဖြစ်ပုံ။

(ဓမ္မပဒ အဋ္ဌကထာ ၂၊ နှာ—၂၁၈။)

လူတရာ ကိုးဆယ်ကိုး ငရဲကျ။

စာမျက်နှာ ၂၁။

ကုလဒူသန=ဒါယကာတို(၏ သဒ္ဓါတရား)ကို ဖျက်ဆီးခြင်း။
အနေသန=မရှာမှီးသင့် ဘုရားခွင့်မပြု)သောနည်း ဖြင့် ပစ္စည်းလေးပါးကို) ရှာမှီ ခြင်း။

မိစ္ဆာဇီဝ=မှားယွင်းစွာ (တရားနှင့်မလျော်သည့်) အသက်မွေးခြင်း။

နိသဂ္ဂိ=စွန့်ပစ်ခြင်း။ ဝိနည်းနှင့် မလျော်သည့်နည်းဖြင့် ရသောပစ္စည်းကို သုံးလျှင် ပါစိတ်အာပတ် သင့်သည်။ ထိုပစ္စည်းကို စွန့်ပစ်မှသာ အာပတ်ပြေ၏။

ကုဟန=(လာဘ်လာဘကို မျှော်ကိုးတောင့်တ၍) အံ့ဩဖွယ်ရာ ထူးထူးဆန်းဆန်း လုပ်ခြင်း၊ ပြောခြင်း။

လပန=(လာဘ်လာဘကို မျှော်ကိုး တောင့်တ၍) ဝါကြွားပလွှား ပြောဆိုခြင်း။

(ဝိသုဒ္ဓိ၊ ပ ၂၂ မှ ၂၆။ ပရမတ္ထသရူပဘေဒနီ၊ ဒု-၅၉ မှ ၆၃။ ပါရာဇိကဏ်ပါဠိ၊ ပ-၂၇၄။)

စာမျက်နှာ ၂၃။

မာဂ်နတ် ၁၀ မျိုး (ပလိဗောဓ ၁၀ မျိုး)

စာမျက်နှာ ၂၃။

သမ္မာ ဝိဟရေယျ၊
အသုညော လောကော အရဟန္တေဟိ အဿ။

သမ္မာ ဝိဟရေယျုံ — ကောင်းစွာ ကျင့်ကြံနေလျှင်။ လောကော-လောကသည်။ အရဟန္တေဟိ-ရဟန္တာတို့မှ။ အသုညော-မဆိတ်သုဉ်းသည်။ အဿ — ဖြစ်ရာ၏။

(မဟာဝဂ္ဂ၊ နှာ·၁၂၅။)

စာမျက်နှာ ၂၄

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ သတုပ္ပာဒေါ၊ သတိရခြင်းသည်။ ဒန္ဓော၊ နှေး၏။ အထခေါ၊ စင်စစ်။ သောသတ္တော၊ ထိုသတ္တဝါသည်။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ ဝိသေသဂါမီ၊ တရားထူး သိသည်။ (မဂ်ဉာဏ်ရသည်)။ ဟောတိ၊ ဖြစ်၏။

(အင်္ဂုတ္တိုရ်၊ ပ၊ သောတာနုဂတသုတ် ၅၀၅။)

၃။ ဇမ္ဗူဒီပိကာ မနုဿာ၊ ဇမ္ဗူဒီပါတောင်ကျွန်း၌ နေကြကုန်သောလူတို့သည်။ ဥတ္တရကုရုကေ မနုဿေ၊ မြောက်ကျွန်း၌ နေကြကုန်သော လူတို့ထက် လည်းကောင်း။ တာဝတိံသေ ဒေဝေစ၊ တာဝတိံသာနတ်တို့ထက် လည်းကောင်း။ တီဟိ၊ သုံးပါးသော အကြောင်းတို့ဖြင့်။ အဓိဂ္ဂဏှန္တိ၊ သာလွန်မြင့်မြတ်ကုန်၏။ ကတမေဟိ၊ အဘယ်အကြောင်းသုံးပါးတို့ဖြင့် သာလွန် မြင့်မြတ်ကြသနည်းဟူမူကား။ (၁) သူရာ၊ ရဲရင့်ခြင်း။ (၂) သတိမန္တော၊ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ သတိရှိခြင်း။ (၃) ဣဓဗြဟ္မစရိယဝါသော၊ ဤဘဝ၌ မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟောကြားသော အကျင့်မြတ်ကို ကျင့်ကြံအားထုတ်လျက် နေခြင်းတို့တည်း။

(အံ၊ ၃၊ ၁၉၈။ စာပိုဒ် ၂။ တိဋ္ဌာနသုတ်။)

စာမျက်နှာ ၂၅

အပ္ပသုတေသု၊ ဗဟုသုတနည်းကုန်သောသူတို့တွင်။ ကေစွေ၊ အချို့သောသူတို့သည်။ မနုဿေပိ၊ လူ၌လည်း။ တိဟေတုကာ၊ တိဟိတ် ပဋိသန္ဓေရှိသော သူတို့ကို။ သုဒုလ္လဘာတိ၊ အလွန်ရခဲကုန်၏ ဟူ၍။ မညန္တိ၊ မှတ်ထင်ကုန်၏။ တေသံ၊ ထိုသူတို့၏။ တံ၊ ထိုသို့ မှတ်ထင်ခြင်းသည်။ မတိမတ္တံ၊ အထောက်အထား မရ ယုတ္တိမရှိသော ထင်မြင်ချက်မျှသာတည်း။

သတ္တာဟံ၊ ခုနစ်ရက်မျှ။ ဧဝံဘာဝေယျ၊ ဤ သတိပဋ္ဌာန် တရား ဝိပဿနာတရားကို ပွားငြားအံ့။ တဿ၊ ထိုသူအား။ ဒွိန္နံဖလာနံ၊ ရဟန္တာဖြစ်ခြင်း အနာဂါမ်ဖြစ်ခြင်း အကျိုး ၂မျိုး တို့တွင်။ အညတရံဖလံ၊ အကျိုးတမျိုးမျိုးကို။ (လဘာတိ၊ ရနိုင် ၏။)

(သုတ်မဟာဝါ၊ မဟာသတိပဋ္ဌာနသုတ် ၂၅၁။)

---

## စီမံသူ—ကေစာရီ အညတြဘိက္ခု။

အရညဝါသီ။

ထင်ရှားကျော်ကြားမှာ စိုးရိမ်၍ (အညတြ) ခေါ်ထား၏။ ယခု ကန်လယ်ဘုန်းကြီးသည် စလင်းမြို့ မထင်မရှား တောရ ပုဂ္ဂိုလ်ငယ် ဘဝကပင် မိမိနာမည်ကို လျှို့ဝှက်ထားခြင်း ဖြစ်ခဲ့၏။

# ဓမ္မဒါနရှင်များ

| | | | | |
|---|---|---|---|---|
| ၁။ | ဒေါ်အိုနှင့် သားသမီးများ | ဆင်ဖြူကျွန်း | အုပ်ရေ | ၃၀၀ |
| ၂။ | ဒေါ်ကြည်လှ | ။ | ။ | ၁၀၀ |
| ၃။ | ဦးမြင့်သိန်း+ဒေါ်မြင့်မြင့်သန်းမိသားစု | ။ | ။ | ၃၀၀ |
| ၄။ | ဒေါ်လှအုန်းမိသားစု | ။ | ။ | ၂၀၀ |
| ၅။ | ဒေါ်စိန်+ဒေါ်ဦး | ။ | ။ | ၂၅ |
| ၆။ | ဦးထွေး+ဒေါ်နု မိသားစု | ။ | ။ | ၅၀၀ |
| ၇။ | ဦးဦးသမီး မဝင်းမြင့် | ။ | ။ | ၁၀၀ |
| ၈။ | ဦးမြမောင်+ဒေါ်ကြင်စိန် | ။ | ။ | ၅၀ |
| ၉။ | ဦးထွန်းမြိုင်+ဒေါ်အုန်းကြည် မိသားစု | ။ | ။ | ၃၀၀ |
| ၁၀။ | ဦးမော်+ဒေါ်အုန်းမိသားစု | ။ | ။ | ၁၀၀ |
| ၁၁။ | ဒေါ်ပုလေး မိသားစု | ။ | ။ | ၅၀ |
| ၁၂။ | ကျောင်းအမကြီး ဒေါ်အေးတင် မိသားစု | ။ | ။ | ၃၀၀ |
| ၁၃။ | ဦးသန်းကျော်+ဒေါ်လေဟာ | ။ | ။ | ၂၀၀ |
| ၁၄။ | ဦးသာဆောင်+ဒေါ်အိ | စလင်း | ။ | ၂၀၀ |
| ၁၅။ | ဒေါ်စိန်စိန်ကြီး+ဒေါ်စိန်စိန်လေး | ။ | ။ | ၁၀၈ |
| ၁၆။ | ဦးရွှေခဲ+ဒေါ်လှမြင့် မိသားစု | ။ | ။ | ၁၀၀ |
| ၁၇။ | ဦးဌေး+ဒေါ်ဌေး မိသားစု | ။ | ။ | ၅၀ |
| ၁၈။ | စလင်းမြို့နယ် မော်တော်ယာဉ်အဖွဲ့ | ။ | ။ | ၂၇၅ |

# မြတ်ဒါန အမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင့်မိုရ်တောင်ဦး၊ မကကြူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရငြားပါစေ၊ အမျှဝေ၏။

မသေ့နိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေငှ၏။

မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဂုန္ဒဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ မပြတ်ပုညာ၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။

သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တာဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိ ခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြ… သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏။

ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည် ဖြစ်စေသော…

ဝသုန္ဒရေ၊ ဤမြေပံသု၊ သိလာထုလည်း၊ သက်သေအမှု တည်စေသော၀်။